မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၅၀)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကမ္ဘာ့အားကစားပြိုင်ပွဲများတွင် ပိုမိုဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဦးတည်စဉ်းစားကြိုးပမ်း

နိုင်ငံကို အကျိုးပြုယှဉ်ပြိုင်ခြင်းနှင့် ပြိုင်ပွဲတိုင်းအနိုင်ရရှိအောင် ကြိုးစားခြင်းသည် အမျိုးသားရေးတာဝန်ဖြစ်

မြန်မာ့အားကစားလောက ပြန်လည်ဦးမော့နိုင်ရန် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် ပါဝင်ကူညီအားပေး

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အသီးသီးမိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လမ်းညွှန်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် အဖွဲ့ချုပ်များမှ တာဝန်ရှိကြသူများအား မိတ်ဆက်တွေ့ဆုံနိုင်ရန်နှင့် တာဝန်ယူ ဆောင်ရွက်နေကြသော အားကစားကဏ္ဍများအလိုက် တွေ့ကြုံရသည့် *စာမျက်နှာ ၃ ကော်လံ ၁* ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ပတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ် (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းအတည်ပြုခြင်းများ ဆောင်ရွက်။
စာ – ၅၊ ၆၊ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
မေးခွန်း (၁၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် ကော်မတီများ၏ အစီရင်ခံစာများ အတည်ပြုခြင်းများ ဆောင်ရွက်။
စာ – ၈၊ ၉၊ ၁၀

တပ်မတော်သည် မည်သည့်အခါကမျှ အရွယ်မရောက်သူများကို စစ်သားအဖြစ် အသုံးမပြုခဲ့

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများကသာ တစ်အိမ်ထောင် တပ်သားသစ်တစ်ဦးပေးရမည်ဟုသတ်မှတ် အရွယ်မရောက်သေးသူများအပါအဝင် ပြည်သူများကို အဓမ္မစုဆောင်း အသုံးပြုနေခြင်းဖြစ်

နေပြည်တော် စက်တင်ဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် လိုက်ပါလျက် စက်တင်ဘာ ၁၅ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကွင်းကောက်တပ်နယ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ဌ၊ သံတွဲ၊ မင်းပြား၊ ကျောက်တော်၊ ပလက်ဝ၊ ဘူးသီးတောင်၊ စစ်တွေ၊ ကျောက်ဖြူနှင့် အမ်းတပ်နယ်တို့မှ အရာရှိစစ်သည်များအားတွေ့ဆုံပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ (အပေါ်ပုံ)

ထိုကဲ့သို့ ရှင်းလင်းမှာကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုအတွက် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှ စတင်ပြီး ဆန္ဒအလျောက် စစ်မှုထမ်းသူများဖြင့်သာ ဖွဲ့စည်းခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင်လည်း ဆန္ဒအလျောက် စစ်မှုထမ်းသူများဖြင့်သာ ဖွဲ့စည်းခဲ့ကြောင်း၊ ထိုကဲ့သို့ ဆန္ဒအလျောက် စစ်မှုထမ်းသူများကို လက်ခံရာတွင်လည်း စနစ်တကျရှိစေရန်အတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၂၅)နှစ်ထက် မကျော်လွန်သူများနှင့် စစ်မှုထမ်းများအတွက်သတ်မှတ်ထားသည့် ကျန်းမာရေးအဆင့်အတန်းရှိသူများကိုသာ လက်ခံရန်သတ်မှတ်ထားပြီးဖြစ်ကြောင်း။

ဆောင်ရွက်ခဲ့

ထို့ပြင် မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention on the Rights of the Child, CRC) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့တပ်မတော်၏ စစ်သားစုဆောင်းမှုစနစ်ကို နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်အညီ ဖြစ်စေရန်အတွက် ၂၀၀၄ ခုနှစ်တွင် အရွယ်မရောက်သူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပြီး ကလေးသူငယ်များ၏အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင်လည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သည့် အစဉ်အလာအတိုင်း စစ်သားစုဆောင်းရေးတာဝန်ထမ်းဆောင်ရာတွင် တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရန်အတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်နည်းစနစ် မှားယွင်းမှုများ ရှိလာပါကလည်း တာဝန်ရှိသူများကို ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ပြီး အရေးယူမှုများ ပြုလုပ်လျက်ရှိသည်ကို စစ်သည်များ အသိပင်ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

သို့သော် နိုင်ငံတော်ကို နည်းမျိုးစုံနှင့် ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများက နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန်အတွက် လုပ်နည်းစနစ် မှားယွင်းပြီး စုဆောင်းခဲ့သည့် ဖြစ်စဉ်အနည်းငယ်ကို ထောက်ပြကာ တပ်မတော်က ကလေးစစ်သားများကို အတင်းအကျပ်စုဆောင်းနေသည်ဟု လုပ်ကြံ စွပ်စွဲမှုများ ပြုလုပ်လျက်ရှိကြောင်း၊ တပ်မတော်သည် မည်သည့်အခါကမျှ အရွယ်မရောက်သူများကို စစ်သားအဖြစ် အသုံးမပြုခဲ့ကြောင်း၊ မှားယွင်း စုဆောင်းမှုများရှိပါကလည်း သက်ဆိုင်သူများကို အရေးယူသကဲ့သို့ တပ်သားသစ်များကိုလည်း အုပ်ထိန်းသူများထံသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိကြောင်း၊ လက်တွေ့တွင် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများကသာ တစ်အိမ်ထောင်လျှင် တပ်သားသစ်တစ်ဦးပေးရမည်ဟု သတ်မှတ်ကာ အရွယ်မရောက်သေးသူများအပါအဝင် ပြည်သူများကို အဓမ္မစုဆောင်းအသုံးပြုနေခြင်းဖြစ်ပြီး မိမိတို့ထံတွင် သက်သေခံအထောက်အထားများ အခိုင်အမာရှိကြောင်း၊ သို့သော် ပြည်ပမီဒီယာအချို့က သောင်းကျန်းသူများ၏ လုပ်ရပ်များကို မျက်ကွယ်ပြုပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ လုပ်ကြံသတင်းများ၊ ပုံကြီးချဲ့သတင်းများကိုသာ ထုတ်လွှင့်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် နိုင်ငံတကာနှင့် ပြည်သူများက အထင်မှားအောင် လုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စစ်သားစုဆောင်းရာတွင် လုပ်နည်းစနစ်များ မှားယွင်းမှုမရှိအောင် အထူးဂရုပြုလုပ်ဆောင်ရန်လိုကြောင်း၊ နောင်တွင်လည်း အရွယ်မရောက်သူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး တပ်ရင်းတပ်ဖွဲ့များတွင် ရှင်းလင်းပြောကြားပညာပေးသကဲ့သို့ သင်တန်းများတွင်လည်း ထည့်သွင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ဗြိတိန်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Richard Heyn သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် အစိုးရသစ်လက်ထက် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် အဘက်ဘက်မှ လက်တွေ့တိုးတက်ပြောင်းလဲမှုအခြေအနေများကို နှစ်နိုင်ငံအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်)

အရည်အသွေးကောင်းကြံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ကြမ်း သီးနှံများ အထွက်တိုးရေးအတွက်လည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

ဆီအုန်း၊ ဝါ၊ ပီလောပီနံ၊ ရော်ဘာ၊ ကြံစသည်တို့မှာ စက်မှုကုန်ကြမ်း သီးနှံများဖြစ်ကြသည်။ စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးသူ တောင်သူများအတွက် အထောက်အကူဖြစ်စေရေး လိုအပ်သည့် စိုက်ပျိုးစရိတ်ကြိုတင်ငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါ စက်မှုကုန်ကြမ်း သီးနှံများထဲမှ ကြံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ သွင်းအားစုစိုက်ပျိုးရေး အပါအဝင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိန်နှင့်ကိုက်အချိုးကျ အသုံးပြုခြင်း၊ မျိုးစေ့ သွင်းအားစု အပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန် အထိ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်စေခြင်းတို့ဖြင့် ဖော်ဆောင်လျက်ရှိသည်။

ကြံစိုက်တောင်သူများ တွက်ခြေကိုက်ပြီး ဝင်ငွေတိုးတက်ရရှိမှသာ စိုက်လိုအား တိုးတက်လာကာ သကြားစက်ရုံများ ကုန်ကြမ်းအပြည့်အဝရရှိမည်ဖြစ်သည်။ ထို့ကြောင့်လည်း ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက် ခိုင်မာအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကြံသီးနှံမျိုးကိုလည်း လက်ရှိစိုက်ပျိုးနေသော မျိုးများထက် ပိုမိုကောင်းမွန်ပြီး အထွက်နှုန်း ကောင်းမွန်သည့် အထူးအထွက်တိုးကြံမျိုးများကို မျိုးပွားထုတ်လုပ်ပေးကာ ဒေသလိုအပ်ချက်များနှင့်အညီ ဖြန့်ဖြူးပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရကလည်း ကြံတစ်တန်၏ ကြမ်းခင်းဈေးကို တစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ သတ်မှတ်လိုက်သဖြင့် ယခင်က တစ်တန်လျှင် ငွေကျပ် ၁၅၀၀၀သာ ရရှိရာမှ ဝင်ငွေနှစ်ဆ တိုးလာပြီဖြစ်သည်။

သို့ဖြစ်ပေရာ ကြံစိုက်တောင်သူများအနေဖြင့် မိမိတို့၏လူမှုစီးပွားမြင့်မားလာရေး စီးပွားရေးတွက်ခြေကိုက်သော အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့်ကြံမျိုးများအား ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုစိုက်ပျိုးပြီး အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

◆ ရှေ့ဖုံးမှ

အခက်အခဲများကို ကျော်လွှားနိုင်ပြီး ရှေ့လုပ်ငန်းစဉ်များတွင် အောင်မြင်မှုများရရှိနိုင်အောင် မည်သို့ဆောင်ရွက်သွားကြမည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း။

စတင်ဖွဲ့စည်း

မြန်မာနိုင်ငံ၏ အားကစားကဏ္ဍကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် အဖွဲ့အစည်းများ၏ သမိုင်းကို ပြန်ကြည့်လျှင် ပထမဦးဆုံး မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၃၆ ခုနှစ်က (Burma Athletic Association) စတင်ဖွဲ့စည်းပြီး ဂျာမနီနိုင်ငံ ဘာလင်အိုလံပစ်ပြိုင်ပွဲတွင် ကိုလိုနီမြန်မာနိုင်ငံကိုယ်စားပြုအလေးမ ဦးဇော်ဝိတ်က အရင်ဦးဆုံး သွားရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရကြောင်း။

၁၉၄၈ ခုနှစ်တွင် (Burma Olympic Association) အဖြစ်ဖြင့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း။

၁၉၅၀ ခုနှစ်တွင် "အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ" ခေါ်သည့် (National Fitness Council) ဖြစ်လာပြီး ကျန်းမာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့်အဖွဲ့ဖြစ်ကြောင်း၊ ယင်း(National Fitness Council) က ၁၉၅၇ ခုနှစ် အရှေ့တောင်အာရှလက်ဝှေ့ပြိုင်ပွဲနှင့် ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း။

၁၉၆၄ ခုနှစ်တွင် "မြန်မာနိုင်ငံအားကစားနှင့်ကာယပညာကော်မတီ" ဖွဲ့စည်းပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ဆက်လက်ထားရှိခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းပြီး ဝန်ကြီးချုပ်ရုံးအောက်တွင် ထားရှိခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ်ရောက်မှသာ အားကစားဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယခု ၂၀၁၁ ခုနှစ်တွင် ယခင်ခေါ်ဝေါ်သုံးစွဲခဲ့သော "မြန်မာနိုင်ငံအိုလံပစ်ကောင်စီ"ကို "မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ"ဟု ပြောင်းလဲခေါ်ဝေါ်ပြီး အားကစားဝန်ကြီးဌာနမှ အားကစားဆိုင်ရာများအားလုံးကို ကြီးကြပ်ကွပ်ကဲသွားနိုင်အောင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းကော်မတီကို အားကစားဝန်ကြီးဌာနဝန်ကြီးအပါအဝင် ပြည်ထောင်စုဝန်ကြီး (၂)ဦး၊ ဒုတိယဝန်ကြီး(၅)ဦး၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများပါ အဖွဲ့ဝင်ပေါင်း (၅၄)ဦးဖြင့် စုပေါင်းဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိနိုင်အောင် လိုအပ်သည့် စားစရိတ်၊ ဝတ်စုံစရိတ်၊ လေ့ကျင့်စရိတ်၊ နည်းပြငှားရမ်းစရိတ်၊ အထောက်အကူပစ္စည်းဝယ်ယူစရိတ်၊ ပြည်တွင်း၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများအတွက် ကုန်ကျစရိတ်အဝဝတို့ကို နိုင်ငံတော်၏ပူးပေါင်းပါဝင်မှုနှင့်အတူ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကြေးမြောက်မြားစွာ အကုန်အကျခံ စိုက်ထုတ်ဆောင်ရွက်ကြောင်း သိရသည့်အတွက် ပါဝင်သောပုဂ္ဂိုလ်များအားလုံးကို နိုင်ငံတော်က အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားလိုကြောင်း။

ယင်းသို့ ငွေကြေးအမြောက်အမြား အကုန်အကျခံစိုက်ထုတ်ပေးရသည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့များကို အားကစားနှင့်စပ်လျဉ်းပြီး တရားသဖြင့်ရရှိသော ဝင်ငွေများ၊ အလှူငွေများအပေါ် လိုအပ်လျှင်ဝင်ငွေခွန်စည်းကြပ်ခြင်းမှ သက်သာခွင့်၊ ကင်းလွတ်ခွင့် ရရှိနိုင်စေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ယနေ့နိုင်ငံတကာတွင် ယှဉ်ပြိုင်နေကြသော အားကစားယှဉ်ပြိုင် အနိုင်အရှုံးပေးမှုစနစ်ကို ပြန်ကြည့်လျှင် အားကစားနည်းတော်တော်များများသည်

(က) အနိုင်အရှုံးဖြင့် ယှဉ်ပြိုင်ဆုံးဖြတ်သည့်စနစ်

(ခ) အမှတ်ပေးပြီး အနိုင်အရှုံးဆုံးဖြတ်သည့်စနစ်တို့ဖြင့် သွားနေခြင်းဖြစ်ပြီး ကိုယ်ကောင်းလျှင်နိုင်မည်၊ ကိုယ်ညံ့လျှင်ရှုံးမည်ဖြစ်သကဲ့သို့ မနိုင်မရှုံးသော သရေပွဲများလည်း ရှိတတ်ကြောင်း။

သန့်ရှင်းစွာယှဉ်ပြိုင်

အမှတ်ပေးစနစ်တွင် အမှတ်ပေးသည့်ဒိုင်ကို မိမိအားအမှတ်များများပိုပေးစေခြင်းဖြင့် အနိုင်ရသွားနိုင်သော်လည်း တစ်ပွဲတိုးကိစ္စမျိုးသာဖြစ်သည့်အတွက် ရေရှည်တွင် မိမိတို့၏အားကစားကဏ္ဍကို အဆင့်မြင့်စေချင်လျှင် (Fair Play)ခေါ် သန့်ရှင်းစွာ ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ယူခြင်းမှာ အကောင်းဆုံးဖြစ်ကြောင်း။

အားကစားသမားများ ယှဉ်ပြိုင်ကြသည့်နေရာတွင် ပထမရည်မှန်းချက်မှာ အောင်နိုင်ရေးဖြစ်ကြောင်း၊ ဒုတိယမှာ မိမိတို့၏အနိုင်သည် ရှိပြီးသားဒေသစံချိန်၊ ကမ္ဘာ့စံချိန်ထက်နိမ့်သည်၊ မြင့်သည်သိရရန်လိုကြောင်း၊ သို့မှသာ မိမိတို့၏စွမ်းဆောင်မှုအဆင့်သည် ဘယ်အဆင့်ရှိသည်၊ တက်နေသည်၊ ကျနေသည်တို့ကို သိရမည်ဖြစ်ပြီး မည်ကဲ့သို့ကြိုးစားရမည်ဆိုသည်ကို သိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအားကစားစံချိန်များမှာ တစ်နှစ်ပြီးတစ်နှစ် ဆက်ချိုးနေမည်၊ ဆက်တိုးနေမည်ဖြစ်ပြီး အားကစားလောကကြီး၏ တိုးတက်ဖွံ့ဖြိုးမှုသည်လည်း မရပ်မနားဆက်သွားနေမည်သာ ဖြစ်ကြောင်း။

အားကစားတွင် မိမိတို့စဉ်ဆက်မပြတ်တိုးတက်နေမှသာ ကမ္ဘာ့အားကစားကို အမီလိုက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကောင်းသည့် စွမ်းဆောင်မှုဖြင့် နိုင်သည့်အားကစားများရှိသကဲ့သို့ (Teamwork) ခေါ် အဖွဲ့လိုက်ကောင်းပါမှ နိုင်သည့်အားကစားမျိုး (ဥပမာ) ဘောလုံးအားကစားလိုမျိုးမှာ တစ်ဦးချင်းကောင်းရမည့်အပြင် အဖွဲ့လိုက်လည်းကောင်းပြီး အချိတ်အဆက်မိမိဖြင့် ကစားနိုင်ပါမှ နိုင်နိုင်မည်ဆိုသည်ကို အားလုံးအသိဖြစ်ကြောင်း။

တာဝန်ကိုယ်စီ

အားကစားအောင်မြင်မှုကို ရယူလိုလျှင် အားကစားအဝိုင်းအဝန်းထဲကို ရောက်လာကြသည့်သူများအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်ကို သိရန်လိုကြောင်း၊ အားကစားသမား၊ နည်းပြ၊ စီမံခန့်ခွဲသူ၊ ဦးဆောင်ပံ့ပိုးသူ၊ အထောက်အကူပြုသူများအပြင် ပရိသတ်ကပါ တာဝန်ကိုယ်စီရှိကြကြောင်း။

ထို့ပြင် အားကစားသမားတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အသက်အရွယ်၊ ပညာအရည်အချင်း၊ တွေးတောဆင်ခြင်မှု၊ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးမှု၊ သက်လုံကောင်းမှု၊ ပြည်တွင်းပြည်ပ ပြိုင်ပွဲအတွေ့အကြုံ စသည်တို့အပြင် မိမိ၏ ရည်မှန်းချက်ကိုလည်း မြင့်မြင့်မားမားထားရှိနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

(Nothing happens, unless, first, a dream) ဆိုသကဲ့သို့ ရည်မှန်းချက်ပန်းတိုင်မထားရှိဘဲနှင့် ဘာမျှဖြစ်မလာနိုင်၊ အောင်မြင်မှုမရနိုင်ဟု ဆိုချင်ကြောင်း၊ ထို့ကြောင့် အားကစားသမားများအနေဖြင့် အောင်မြင်ချင်သည့် စိတ်ဆန္ဒ၊ ပြိုင်လျှင်နိုင်ရမည်ဆိုသည့် စိတ်ထားမျိုး ထားရှိနိုင်ရမည်ဖြစ်ကြောင်း။

တပည့်ကောင်းရန်အတွက် ဆရာဖြစ်သော နည်းပြကလည်း ကောင်းပါမှ၊ ထို့အတူ နည်းပြကောင်းများ အမြောက်အမြားပေါ်ပေါက်လာစေရန် စီမံ၊ ပံ့ပိုး၊ ဦးဆောင်အထောက်အကူပြုသူများပါ ထက်မြက်မှု၊ စုပေါင်းစီမံခန့်ခွဲမှုအားကောင်းမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် နိုင်ငံကို အကျိုးပြုသွားရောက်ယှဉ်ပြိုင်ရခြင်းနှင့် ပြိုင်ပွဲတိုင်း အနိုင်ရအောင် ကြိုးစားခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားများ၊ အားကစားအဖွဲ့ချုပ်မှပုဂ္ဂိုလ်များနှင့် အားကစားဝန်ကြီးဌာနတို့သည် အဓိက တာဝန်ရှိနေကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ယခင်ရာစုနှစ်များထဲက အောင်မြင်မှုရခဲ့သော အားကစားအများကြီးရှိခဲ့ကြောင်း၊ ယင်းအောင်မြင်မှုများသည် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးသော အောင်မြင်မှုများဖြစ်ကြောင်း၊ တစ်ဦးချင်းယှဉ်ပြိုင်မှုက အောင်မြင်မှုများရှိသကဲ့သို့ လူသိများသော တစ်နိုင်ငံလုံးစိတ်ဝင်စားသည့် အားကစားတစ်ခုဖြစ်သော ဘောလုံးကိုပဲ ပြန်ကြည့်လျှင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အောင်မြင်မှုများသည် ၁၉၆၀ ခုနှစ် နှင့် ၁၉၇၀ ခုနှစ် ဆယ်စုနှစ်များအတွင်း အောင်မြင်မှုများ အမြောက်အမြားတွေ့ရကြောင်း၊ ဘောလုံးလောက ဂုဏ်ရှိန်ဂုဏ်ဝါ တောက်ပခဲ့သည့် အချိန်များကို ပြန်ကြည့်လျှင်-

(၁) ၁၉၆၆ နှင့် ၁၉၇၀ တို့တွင် - အာရှချန်ပီယံဆုကို (၂)ကြိမ်၊
(၂) ၁၉၆၁ မှ ၁၉၇၇ အထိ - အာရှလူငယ်ချန်ပီယံဆုကို (၈)ကြိမ်၊
(၃) ၁၉၆၅ မှ ၁၉၇၃ အထိ - အရှေ့တောင်အာရှချန်ပီယံဆုကို (၅)ကြိမ်၊
(၄) ၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁ တို့တွင် - မာဒေးကားချန်ပီယံဆု (၃)ကြိမ်နှင့် ၂၀၀၆ ခုနှစ်တွင် (၁)ကြိမ်၊
(၅) ၁၉၇၁ မှ ၁၉၇၃ အထိ - ပတ်ချ်ုဟီးဖလားချန်ပီယံဆု (၃)ကြိမ်၊
(၆) ၁၉၇၁ မှ ၁၉၇၅ အထိ - ဂျာကာတာဖလားချန်ပီယံဆု (၄)ကြိမ်၊
(၇) ၁၉၇၇ မှ ၁၉၇၉ အထိ - မာရာဟာလင်ဖလားချန်ပီယံဆု (၃)ကြိမ်

စုစုပေါင်း (၂၉)ကြိမ်အထိ အားရဂုဏ်ယူဖွယ်ရာ အောင်မြင်ခဲ့သည်ကိုတွေ့ရကြောင်း။

မြန်မာနိုင်ငံအမျိုးသား အားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန် ကြီး ဌာ န ပြည် ထောင် စုဝန်ကြီးဦးတင့်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင်

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ၁၉၈၀၊ ၁၉၉၀၊ ၂၀၀၀ ခုနှစ်တို့တွင် လက်ရွေးစင်အသင်း၏ အောင်မြင်မှုများသည် အားရဖွယ်ရာသိပ်မရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အတူ အခြားအခြားသော အားကစားအဖွဲ့များသည်လည်း အောင်မြင်မှုနည်းပါးလာသည်ကို တွေ့ရသည့်အတွက် နိုင်ငံ့ဂုဏ်ဆောင်ဖြစ်သည့် မြန်မာ့အားကစားလောက ပြန်လည်ဦးမော့နိုင်ရန် ယခုကြွရောက်လာကြသူများအားလုံး မိမိတို့တွင်ရှိနေကြသည့် အရင်းအမြစ်ပေါင်းများစွာနှင့် ပါဝင်ကူညီအားပေးနိုင်ကြရန်နှင့် လာမည့်ရက်အနည်းငယ်အတွင်းတွင်ကျင်းပမည့် "အလုပ်ရုံဆွေးနွေးပွဲ"တွင် အကောင်းဆုံးဝိုင်းဝန်းဆွေးနွေးအကြံဉာဏ်ပေးကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရည်ရွယ်ချက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစား အောင်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များကို ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူစေရန်ရည်ရွယ်၍ နိုင်ငံတော်အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ထူးချွန်အားကစားသမားမျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးရေး၊ ပြည်တွင်းအားကစားပြိုင်ပွဲများ တာဝန်ယူကျင်းပရေးနှင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အားကစားနည်းအလိုက် နိုင်ငံတော်က အကုန်အကျခံထောက်ပံ့ပေးလျက်ရှိသည့်အပြင် အားကစားအဖွဲ့ချုပ်များ၏ ပံ့ပိုးအားပေးမှုအပေါ် မူတည်၍ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရပါကြောင်း။

လက်ရွေးစင်များရွေးချယ်

(၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစားအောင်မြင်ရေးအတွက် အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၊ အားကစားနှင့်ကာယပညာသိပ္ပံလေ့ကျင့်ရေးစခန်း၊ CCC Stars လေ့ကျင့်ရေးစခန်းတို့မှ နည်းလမ်းသုံးသွယ်ဖြင့် သုံးပွင့်ဆိုင်ပြိုင်ပွဲများကျင်းပပြီး သုံးချောင်းထောက်ပုံစံဖြင့် နိုင်ငံတော်လက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

"မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရှေ့တောင်အာရှနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များရယူ၍ နိုင်ငံတော်အလံကိုတလူလူလွှင့်ထူနိုင်ရေးအတွက် နိုင်ငံတော်က သင့်တော်သော ထောက်ပံ့မှုများ၊ အားကစားအဖွဲ့ချုပ်များက ငွေကြေးပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အားကစားဝန်ကြီးဌာနမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည့်နည်းတူ အားကစားအဖွဲ့ချုပ်များကလည်း အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အားကစားနည်းများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အားကစားဆိုင်ရာတွေ့ဆုံပွဲတွင် မြန်မာ့အားကစားလောက ပြန်လည်ဦးမော့လာစေရေး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် အားကစားအဖွဲ့ချုပ်အသီးသီးမှ ပုဂ္ဂိုလ်များ ယခုကဲ့သို့ စုံစုံလင်လင် ဝိုင်းဝန်းဆွေးနွေး အကြံဉာဏ်ပေးကြသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း။

ယခုတွေ့ဆုံပွဲသည် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ဆွေးနွေးကြသည်ဆိုသော်လည်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် (၂)နှစ်လျှင် (၁)ကြိမ်သာ ကျင်းပသည့်ပြိုင်ပွဲဖြစ်၍ ကမ္ဘာ့အားကစားပြိုင်ပွဲများတွင် ပိုမိုဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဦးတည်စဉ်းစား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အားကစားအဖွဲ့ချုပ်များသည် မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို သေချာစွာဝေဖန်သုံးသပ်ပြီး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အောင်မြင်မှုရရှိရေးဆောင်ရွက်ကြရာတွင် လူ၊ အထောက်အကူပစ္စည်းများ၊ စိတ်ဓာတ်၊ အုပ်ချုပ်မှု၊ ငွေရေးကြေးရေးအားလုံးပြည့်စုံမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင် လိုအပ်ချက်များအားလုံး မပြည့်စုံသော်လည်း အချို့အားကစားနည်းများ၌ ကမ္ဘာ့အဆင့်အထိ အောင်အောင်မြင်မြင် ယှဉ်ပြိုင်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်မှ ပံ့ပိုးကူညီနိုင်မည့်အခြေအနေများ၊ မိမိတို့တွင် ရှိထားပြီးဖြစ်သည့် အခြေအနေများအပေါ် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရသော အားကစားနည်းများအလိုက် အောင်မြင်မှုများ ထိုက်ထိုက်တန်တန်ရရှိအောင် စနစ်တကျ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုဆွေးနွေးအကြံပြုချက်အပေါ်မူတည်၍ လာမည့်လအနည်းငယ်အတွင်း ကျင်းပမည့် (၂၆)ကြိမ်မြောက် (SEA GAME)နှင့် (၂၇)ကြိမ်မြောက် (SEA GAME) အပါအဝင် ရေရှည်တွင် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဆက်လက်အဆင့်မြင့်မားနေနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဗြိတိန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn သည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပညာရေးကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၉-၂၀၁၁

မုဒုံမြို့	၃ ဒသမ ၁၅ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၈၈ လက်မ
ကိုကိုးကျွန်းမြို့	၂ ဒသမ ၁၂ လက်မ
လောင်းလုံမြို့	၁ ဒသမ ၉၇ လက်မ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ပထမအကြိမ် စုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများအား ကမ္ဘောဒီးယားနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့က အာဆီယံ ပါလီမန်များဆိုင်ရာ အထွေထွေညီလာခံအတွက် စပ်ဆိုထားသည့် သီချင်း၊ ကမ္ဘောဒီးယားနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့မှ အမျိုးသမီးငယ်များက ဆုတောင်းအက၊ နတ်သမီးအကနှင့်အာဆီယံ(၁၀)နိုင်ငံကို သရုပ်ဖော်တင်ဆက်သည့် အကများ၊ သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ Senate ဥက္ကဋ္ဌ Mr.SAMDECH AKKA MOHA THAMMA POTHISAL CHEA-SIM နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော်နာယကအပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ပထမအကြိမ် စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Peace Palace တတိယထပ် Nuon Srei အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိတ်ဆက်ပေး

ရှေးဦးစွာ AIPA အဖွဲ့ဝင်နိုင်ငံများ၊ အထူးလေ့လာသူနိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များကအထွေထွေညီလာခံသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား အသီးသီး မိတ်ဆက်ပေးသည်။

ထို့နောက် AIPA ဥက္ကဋ္ဌက (၃၂)ကြိမ်မြောက်အထွေထွေညီလာခံတွင် Vice- President ခန့်အပ်ရန် အဆိုပြုခြင်းနှင့် အတည်ပြုခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်အား AIPA တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခြင်းကို ကြေညာသည်။

ယင်းနောက် AIPA တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်အား ဝင်ခွင့်ပြုရန် ဆုံးဖြတ်ချက်ကို AIPA ဥက္ကဋ္ဌက လက်မှတ်ရေးထိုးသည်။

လက်မှတ်ရေးထိုး

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် နာယကဦးခင်အောင်မြင့်က ဆုံးဖြတ်ချက်သက်သေအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုလွှတ်တော် နာယကသည် လေ့လာသူ နိုင်ငံနေရာမှ တင်းပြည့်အဖွဲ့ဝင်နေရာသို့ ပြောင်းရွှေ့တက်ရောက်သည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံရဲအရာရှိ(၃)ဦးက လေ့လာသူနိုင်ငံများ၏ အလံ နေရာတွင် စိုက်ထူထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို အလေးပြု၍ ဖြုတ်ယူ သယ်ဆောင်လာပြီး AIPA အဖွဲ့ဝင်နိုင်ငံများ၏ အလံနေရာသို့ ပြောင်းရွှေ့လွှင့်ထူသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က AIPA တင်းပြည့် အဖွဲ့ဝင်အဖြစ် လက်ခံခြင်း အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ပထမဦးစွာ (၃၂)ကြိမ်မြောက် AIPA ညီလာခံတွင် မြန်မာနိုင်ငံကိုယ်စား ယခုကဲ့သို့ မိန့်ခွန်းပြောကြားခွင့်ရရှိသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ တက်ရောက်လာကြသော AIPA ဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.EMr.SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN နှင့်တကွ အာဆီယံနိုင်ငံပါလီမန်ခေါင်းဆောင်များ၊ အာဆီယံပါလီမန်ကိုယ်စားလှယ်များ၊ AIPA အထွေထွေအတွင်းရေးမှူးချုပ်နှင့် တကွ တက်ရောက်လာသူများအားလုံး၊ ကမ္ဘောဒီးယားပြည်သူများအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအပါအဝင် ကိုယ်စားလှယ်များအား ချစ်ခင်ရင်းနှီးစွာ ညှို့ဝတ်ကျေပွန်စွာဖြင့် ဧည့်ခံကြိုဆိုသည့်အတွက် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားပြည်သူများ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တစ်ရပ်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိသောကိုယ်စားလှယ်များဖြင့်လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းတို့ကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏နောက်ဆုံးအဆင့်မှာ လွှတ်တော်ကျင်းပရန်နှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ထောင်ခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် (၁၈)ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့ AIPO က အထွေထွေညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၆ရက်အထိကျင်းပသည့်အချိန်မှစ၍ အထူးလေ့လာသူ ကိုယ်စားလှယ်နိုင်ငံအဖြစ် နှစ်စဉ် မပျက်မကွက် တက်ရောက်ခဲ့ပါကြောင်း၊ (၂၁)ကြိမ်မြောက်AIPO အထွေထွေညီလာခံမှစ၍ အမြဲတမ်းအထူးလေ့လာသူ ကိုယ်စားလှယ်နိုင်ငံဖြစ်လာခဲ့ပြီး (၃၁)ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့ AIPAအထွေအထွေညီလာခံအထိတိုင်အောင် ဖြစ်ပါကြောင်း။

ကတိပြု

ငြိမ်းချမ်း၍ ထွန်းလင်းတောက်ပသော ASEAN Community ထူထောင်နိုင်ရေးအတွက် AIPA သည် အဓိပ္ပာယ်ပြည့်ဝလေးနက်သောကဏ္ဍမှ ပါဝင်ထမ်းရွက်နိုင်မည်ဟု နက်ရှိုင်းစွာ ယုံကြည်၍ မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်သည် AIPA သို့ ဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိသည် ပြည်ထောင်စုလွှတ်တော် နာယကဖြစ်သည်နှင့်အညီ AIPA၏ တင်းပြည့်အဖွဲ့ဝင် ဖြစ်လာရေးအတွက် AIPAဥက္ကဋ္ဌထံသို့ အကြောင်းကြားစာ ရေးသားပေးပို့ခဲ့ပါကြောင်း၊မိမိအကြောင်းကြားစာအရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကို တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံအသိအမှတ်ပြုသည့်အတွက် AIPA ဥက္ကဋ္ဌ H.E. Mr. SAMDECH AKKA MOHA PONHEA CHA-KREI HENG SAMRIN အားလည်းကောင်း၊အာဆီယံနိုင်ငံများမှ ပါလီမန်ခေါင်းဆောင်များအား လည်းကောင်း၊ AIPA အထွေထွေအတွင်းရေးမှူးချုပ်အား လည်းကောင်း မြန်မာနိုင်ငံ ပါလီမန်ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် AIPA တင်းပြည့်အဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ AIPA အဖွဲ့၏ လှုပ်ရှားမှုများတွင် မြန်မာနိုင်ငံသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်နှင့် အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်းကို လေးနက်စွာ ကတိပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ AIPA အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းများ အသီးသီး ပြောကြားကြပြီး ပထမနေ့ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ပထမအကြိမ် စုံညီအစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၂ နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၇:၅၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၈။ သီချင်းကြီးပဒေသာ
- ၈:၁၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၅ ၁၀။ ဝင့်ဝင့်ကြွားကြွား ဧရာဝတီ တံတား ရွှေဘိုမြို့မှရတနာသိဃ်
- ၈:၂၅ ၁၁။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၈:၄၀ ၁၂။ International News
- ၈:၄၅ ၁၃။ တေးဂီတအစီအစဉ်

ညပိုင်း

- ၃:၁၅ ၁။ **AFF U-19 CHAMPION-SHIP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) Myanmar Vs Malaysia**
- ၅:၁၅ ၂။ တေးဂီတအစီအစဉ်
- ၅:၂၅ ၃။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၅ ၄။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊အမျိုးသမီး)**
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဇေ့
- ၆:၃၅ ၈။ ရွှေရင်ခုန်သံ
- ၇:၀၅ ၉။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၁၀ ၁၀။ **အားလုံးစုံညီ ခေတ်မီလယ်ယာဆီ**
- ၇:၃၀ ၁၁။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၁၄)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခေတ်အကြိုက် တေးသီချင်း အဆိုဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း**
- ၁၆။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၉၄)
- ၁၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) ဥဂ္ဂသေနဇာတ်တော်ကြီး (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)**
- ၁၉။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အခွန်လွတ်ဈေးများလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အခွန်လွတ်ဈေးများ၌ ဟင်းသီးဟင်းရွက်နှင့် သား/ငါး ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူများ၏ ဈေးရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ နံနက် ၆ နာရီခွဲတွင် အခွန်လွတ်ဈေးများ၌ ဟင်းသီးဟင်းရွက်နှင့် သား/ငါး ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူများ၏ ဈေးရောင်းချမှု၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းနှင့် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ ဆန်နှင့်စားသုံးဆီ ရောင်းချနေမှုနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ အိမ်သုံးပစ္စည်းများ ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့နယ် ပန်တျာအခွန်လွတ်ဈေး၊ တာမွေမြို့နယ် တာမွေအခွန်လွတ်ဈေး၊ မရမ်းကုန်းမြို့နယ် ဂန္ဓမာအခွန်လွတ်ဈေး၊ နဝဒေးအခွန်လွတ်ဈေး၊ ကုန်းမြင့်သာအခွန်လွတ်ဈေး၊ ကမာရွတ်မြို့နယ် ဟံသာဝတီအခွန်လွတ်ဈေးများသို့ ရောက်ရှိပြီး ဈေးရောင်းချသူများ၊ ဈေးဝယ်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချရေး၊ ဈေးနှုန်းနှင့်အလေးချိန်မှန်ကန်စွာ ရောင်းချရေး၊ စွန့်ပစ်အမှိုက်များ ပြန်လည်သိမ်းဆည်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ် (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း အတည်ပြုခြင်းများ ဆောင်ရွက်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး (၂၁)ရက်မြောက် နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃၇၆)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၆)ခုမေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းခြင်းနှင့် ယမန်နေ့က ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေကြမ်းကို ဆက်လက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ၎င်းတို့ရှိရာ နယ်မြေဒေသများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် သမိုင်းမတင်မီခေတ်က ကျန်ရစ်ခဲ့သော အထောက်အထားများနှင့် သမိုင်းတင်ပြီး ခေတ်က ကျန်ရစ်ခဲ့သော အထောက်အထားများအရ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာလူမျိုး၏ ကိုယ်ပိုင်စရိုက်လက္ခဏာများဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန် အထောက်အကူပြုထားသည့် အမွေအနှစ်များ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၈ ခုနှစ်တွင် ရှေးဟောင်းအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည့်အပြင် ၂၀၁၁ခုနှစ်တွင် အဆိုပါဥပဒေ၏ နည်းဥပဒေကိုလည်း ထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့အခါတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်များနှင့် ပြည်သူများပါဝင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။**

ပြင်ဆင်ရေးဆွဲလျက်ရှိ

ထို့ပြင် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၅၇ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

ထိုကဲ့သို့ ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုဇုန် (၃၇)ဇုန်ကို အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့် (၁)သည် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် **(Ancient Monument Zone)** ဖြစ်ပြီး ယင်းဇုန်သည် ရှေးဟောင်းပစ္စည်းများကို ကာကွယ်ထိန်းသိမ်းမှု စည်းကမ်းသတ်မှတ်ချက် အမြင့်ဆုံးဖြစ်ပါကြောင်း၊ နံပါတ်(၂)အဆင့်သည် ရှေးဟောင်းနေရာတည်ရှိရာဇုန် **(Ancient Site Zone)** ဖြစ်ပြီး ရှေးဟောင်းပစ္စည်း ကာကွယ်ထိန်းသိမ်းရန် စည်းကမ်းသတ်မှတ်ချက် အလယ်အလတ်ဖြစ်သည့် အဆင့်ဖြစ်ပါကြောင်း၊ နံပါတ် (၃) အဆင့်သည် ကာကွယ်ထိန်းသိမ်းသောဇုန် **(Protective and Preserve Zone)** ဖြစ်ပြီး ယင်းဇုန်သည် ရှေးဟောင်းပစ္စည်းများကို ကာကွယ်ထိန်းသိမ်းမှု စည်းကမ်းသတ်မှတ်ချက် ပျော့ပျောင်းသည့် နယ်မြေဖြစ်ပါကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုဇုန် (၃၇)ခုတွင် အဆင့် (၃)ဆင့်စလုံး သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် ယဉ်ကျေးမှုနယ်မြေ(၈)ခု ရှိပါကြောင်း၊ ယင်းတို့မှာ ပုဂံယဉ်ကျေးမှုနယ်မြေ၊ တကောင်းယဉ်ကျေးမှုနယ်မြေ၊ ဟန်လင်းယဉ်ကျေးမှုနယ်မြေ၊ အင်းဝမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ မြင်စိုင်းမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပင်းယမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပလိပ်ဒေသယဉ်ကျေးမှုနယ်မြေနှင့် မြောက်ဦးမြို့ဟောင်းယဉ်ကျေးမှုနယ်မြေတို့ဖြစ်ပါကြောင်း၊ အဆင့် (၂)ဆင့် သတ်မှတ်၍ ဆောင်ရွက်နေသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ (၈)ခုရှိပါကြောင်း၊ ယင်းတို့မှာ မန္တလေးတွင်ရှိသည့် ဗားကရာကျောင်းတော်ကြီး၊ အတုမရှိကျောင်းတော်ကြီး၊ ရွှေနန်းတော်ကျောင်းတော်ကြီး၊ နန်းတော်ရာ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ ကမ္ဘောဇသာဒီနန်းတော်ရာ၊ သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ ခရုံဂူ၊ ရသေ့ပျံဂူ၊ ကော့ကွန်းဂူနှင့် ရွှေတိဂုံစေတီတော်တို့ ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှုဒေသ(၂၁)ခုကို အဆင့်တစ်ခုတည်းနှင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ယဉ်ကျေးမှုဒေသများကို အဆင့်များခွဲခြားသတ်မှတ်ပြီး နိုင်ငံတော်၏အား၊ ဒေသအာဏာပိုင်များ၏အား၊ စေတနာရှင်ပြည်သူများ၏အားနှင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုအားများဖြင့် ပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေးဟောင်းအမွေအနှစ်များ၏ (၁) ခေတ်ကာလအရတန်ဖိုးမြင့်မားခြင်း၊ (၂) သမိုင်းဆိုင်ရာအထောက်အထားများအရေးပါခြင်း၊ (၃) ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားခြင်းနှင့် (၄) ဗိသုကာနှင့် အနုပညာလက်ရာများ ထူးခြားကောင်းမွန်ခြင်း စသည့်အချက်များကိုစိစစ်ပြီး နှစ်စဉ်စီမံချက်များရေးဆွဲကာ ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ရှေးဟောင်းအမွေအနှစ်ဒေသများကို ပြုပြင်ဆောင်ရွက်ရာတွင် အဓိကအားဖြင့် **structure** ပိုင်းဖြစ်သည့် ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများ၏ အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းနှင့် အတွင်းပိုင်းပန်းချီ၊ ပန်းပုလက်ရာများကို ပြုပြင်မွမ်းမံခြင်းဟူ၍ (၂)ပိုင်း ခွဲခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆောက်အအုံ၏ **structure** ပိုင်းနှင့် စေတီပုထိုးများကို ပြုပြင်မွမ်းမံရာတွင် ရှေးဟောင်းလက်ရာမပျက်အောင် တည်ဆောက်ပြုပြင် မွမ်းမံလျက်ရှိပါကြောင်း၊ အတွင်းပိုင်းတွင်ရှိသည့် အင်္ဂတေပန်း၊ စဉ့်လက်ရာပန်း၊ နံရံဆေးရေးပန်းချီများကို ဓာတုဗေဒဆေးဝါးများ အသုံးပြု၍ သိပ္ပံနည်းကျကြေးချွတ်ခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်း၊ အနားသတ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပန်းချီလက်ရာများသည် နှစ်ကာလကြာရှည်လာသည်နှင့်အမျှ အရောင်အသွေးပျက်ပြယ်တတ်သော သဘောရှိသည့်အတွက် ရေရှည်မှတ်တမ်းကျန်ရှိအောင် ထိုပန်းချီလက်ရာများကို **Digital** နည်းဖြင့် ဓာတ်ပုံရိုက်ပြီး စနစ်တကျထိန်းသိမ်းထားရှိပါကြောင်း၊ ထို့မှုမက ပန်းဆယ်မျိုး အနုလက်ရာများကိုလည်း ဓာတုဗေဒဆေးဝါးဖြင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြု၍ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှေးဟောင်းအမွေအနှစ်စေတီပုထိုး၊ ဘုရားကျောင်းကန်များသည် တိုင်းတစ်ပါးလူမျိုးခြားများအတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သက်သက်ဖြစ်သော်လည်း မြန်မာလူမျိုးများ၊ တိုင်းရင်းသားများအတွက်မူ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖြစ်ရုံသာမက ယုံကြည်ကိုးကွယ်ရာဘာသာတရား၏ အထွတ်အမြတ်ထားရာ နေရာလည်း ဖြစ်သည့်အတွက် အလေးထား တန်ဖိုးထားပြီး ရှေးမူမပျက် ပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိပါကြောင်း။

အကြံဉာဏ်များရယူ

ယနေ့အခါ ပုဂံဒေသတွင်ရှိနေသည့် ရှေးဟောင်းဂူပုထိုး(၆၃)ခုကို ပြည်သူများ၏လှူဒါန်းငွေကျပ် သိန်း (၅၄၀၀)ဖြင့် ပြုပြင်တည်ဆောက်လျက်ရှိပါကြောင်း၊ (၁၁)ဆူပြုပြင်တည်ဆောက်ပြီး (၁၆)ဆူ ပြုပြင်တည်ဆောက်ဆဲဖြစ်ကာ ကျန်(၃၆)ဆူကို ဆက်လက်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ မန္တလေးမြို့ရှိ သုမ္မောဇရပ်များကိုလည်း ပြည်သူများ၏အားဖြင့် ပြုပြင်တည်ဆောက်လျက်ရှိပါကြောင်း၊ ထို့အတူ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အီတလီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဗဟိုဌာန **(ICCROM),UNDP, UNESCO** အဖွဲ့များနှင့်ပူးပေါင်းပြီး ပုဂံဒေသတွင်ရှိသည့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်း၊ နံရံဆေးရေးပန်းချီများသန့်စင်ခြင်း၊ ပုဂံစေတီဘုရားများ မှတ်တမ်းပြုစုဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်သည့် နေရာတွင်လည်း ပြည်တွင်း၊ ပြည်ပမှ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ကာလတို၊ ကာလရှည်ထိန်းသိမ်းမှု နည်းပညာသင်တန်းများ တက်ရောက်အောင်မြင်ခဲ့သည့်ဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သည့် ပြည်တွင်းမှ ဗိသုကာနှင့်အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ **ICCROM,UNDP, UNESCO** စသည့်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီး အကြံဉာဏ်များရယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

ထို့ပြင် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံရှေးဟောင်းသုတေသန **(Archaeological Survey of India)** နှင့် ပူးပေါင်းပြီး အာနန္ဒာဘုရားကြီး၏ အထွေထွေပြုပြင်ထိန်းသိမ်းခြင်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ရှိ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့များနှင့်လည်း ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ သြစတြေးလျ အာဆီယံနိုင်ငံများနှင့်ပူးပေါင်းပြီး ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်သင်တန်းများ အပြန်အလှန်တက်ရောက်ခြင်း၊ မြန်မာနိုင်ငံ၌ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း၊ အီတလီ၊ သြစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့မှ ပညာရှင်များ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်၍ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ခေတ်မီနည်းပညာများကို စာတွေ့၊ လက်တွေ့ ပို့ချခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း **(World Heritage List)** တွင်ထည့်သွင်းပြီး ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် **UNESCO** အဖွဲ့နှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ မြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်အောင်ဆောင်ရွက်ရာတွင် နောက်ဆုံးအဆင့်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ **UNESCO** က ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများပြီးစီးပါက ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာတော့မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ပညာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

အဆင့်တိုးမြှင့်ရေး

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ မင်းပြင်၊ ဒလန့်ချွန်၊ ချောင်းခွ၊ အေးချမ်းသာကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများဖြစ်ပြီး ယင်းကျေးရွာများရှိ ကျောင်းသား/ ကျောင်းသူများမှာ အလယ်တန်းအဆင့် အောင်မြင်ပြီးလျှင် အထက်တန်းကျောင်းရှိရာသို့ သွားရောက်ပညာသင်ကြားရန် အခက်အခဲရှိသည့်အတွက် ၎င်းကျေးရွာများတွင် အထက်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အလယ်တန်းအဆင့်တွင် တက်ရောက်နေသော ကျောင်းသားဦးရေ၊ ၎င်းကျောင်းသို့ဝန်းရံထားသည့် မူလတန်းကျောင်းများတွင် တက်ရောက်နေသော ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍ ၎င်းအခြေအနေတို့နှင့်ကိုက်ညီသောကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြထောက်ခံချက်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။**

အဆင့်ဆင့်ဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ မင်းပြင်၊ ဒလန့်ချွန်၊ ချောင်းခွ၊ အေးချမ်းသာ စသည့်ကျေးရွာများ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများသာ ဖွင့်လှစ်ထားပါကြောင်း၊ အဆိုပါ အခြေခံပညာကျောင်းများအား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပြီးမှသာလျှင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ရေး အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီးဖုန်ဆားရ်၏ **နောင်မွန်းမြို့နယ်အတွင်း နိုင်ငံတော်က ဖွင့်လှစ်ပေးသော အခြေခံမူလတန်းကျောင်း(၃၈)ကျောင်းအနက်(၂၅)ကျောင်းမှာ ရပ်ရွာလူထုက ဝါးဖြင့်ဆောက်လုပ်ပေးထားသောကြောင့် ပညာရေးဝန်ကြီးဌာနကသတ်မှတ်ထားသော ဥပဓိရုပ်ကောင်းသည့်ကျောင်းများအဆင့်သို့ ရောက်ရှိရန် မလွယ်ကူပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနက ကျောင်းဆောင်ရန်ပုံငွေမရသေးသောကျောင်းများနှင့် ဥပဓိရုပ်မကောင်းသော ကျောင်းများကို ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ **နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့် မိဘများ ပူးပေါင်း၍လည်းကောင်း၊ စေတနာရှင်များ၏ လှူဒါန်းမှုဖြင့်လည်းကောင်း အခြေခံပညာကျောင်းများ၏ အဆောက်အအုံများ ဆောက်လုပ်ပြုပြင်ခြင်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဆောက်လုပ်ပြုပြင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ် (၆၈၂ ဒသမ ၈၀)သန်းဖြင့် အခြေခံပညာကျောင်းပေါင်း (၃၀)ကို လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ**

စာမျက်နှာ ၆ ကော်လံ ၁ သို့

21-9 (05).pmd 1 9/21/2011, 3:22 AM

ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ

နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်များနှင့် ပြည်သူများပါ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

စာမျက်နှာ ၅ မှ

ကျပ်(၃၉ ဒသမ၄၇)သန်းဖြင့် အခြေခံပညာကျောင်းပေါင်း (၁၀)ကျောင်းကိုလည်းကောင်း ခွဲဝေခွင့်ပြုပေးခဲ့ပြီး ကျောင်းဆောင်ဆောက်လုပ်/ ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၏ ကျောင်းဆောင်များကို ခွင့်ပြုရန်ပုံငွေအတွင်းမှ ပြုပြင်ဆောက်လုပ် ပေးခဲ့ပါကြောင်း၊ ကျန်အခြေခံပညာမူလတန်းကျောင်း (၂၅)ကျောင်း ဆောက်လုပ်ပြုပြင်ရန် ကိစ္စနှင့်ပတ်သက်၍ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရရှိလာမည့် ဘဏ္ဍာငွေအရ တိုင်းဒေသကြီး/ ပြည်နယ် အားလုံးရှိ ဆောက်လုပ်ပြုပြင်ရမည့်ကျောင်းများနှင့် တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ရန်ကုန်တိုင်းဒေသကြီးရှိ နိုင်ငံတော်ပိုင် အခြေခံပညာ စာသင်ကျောင်းအချို့တွင် ဆရာ၊ ဆရာမများလုံလောက်မှုမရှိသဖြင့် စာပေသင်ကြားရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ကျောင်းဆရာ၊ ကျောင်းဆရာမများ ပြည့်စုံအောင်ဖြည့်ဆည်းပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **ရန်ကုန်တိုင်းဒေသကြီးရှိ နိုင်ငံတော်ပိုင် အခြေခံစာသင်ကျောင်းအချို့တွင် စာသင်ခုံများမလုံလောက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူအချို့ စာပေသင်ကြားရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ စာသင်ခုံများဖြည့်ဆည်းပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ **ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး၏ ဆရာနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင်(၁း၃၀)၊ အလယ်တန်းအဆင့်တွင် (၁း၃၂)နှင့် အထက်တန်းအဆင့်တွင် (၁း၂၇)ရှိပါကြောင်း၊ ဆရာ၊ ဆရာမများ ကွယ်လွန်ခြင်း၊ ဆေးခွင့်ယူခြင်း၊ မီးဖွားခြင်း၊ သင်တန်းတက်ခြင်းတို့ကြောင့် အခိုက်အတန့်အားဖြင့် ဆရာ၊ ဆရာမအင်အားလျော့နည်းမှု ရှိနိုင်ပါကြောင်း၊ ဆရာ၊ ဆရာမများ ပြည့်စုံရေးအတွက် နှစ်စဉ်သင်တန်းဆင်းဆရာ၊ ဆရာမများဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ခုနှစ် အောက်တိုဘာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း B.Ed ဆင်း(၄၃)ဦးအား အထက်တန်းပြအဖြစ်လည်းကောင်း၊ PGDMA ဆင်း(၂၈)ဦးအား အလယ်တန်းပြအဖြစ်လည်းကောင်း၊ လုပ်ငန်းခွင်ကြို ဒီပလိုမာ သင်တန်းဆင်း (၃၈)ဦးအား မူလတန်းပြအဖြစ်လည်းကောင်း စုစုပေါင်း(၁၀၉)ဦးအား ဖြည့်တင်းခန့်ထားပေးရန် စီစဉ်နေပါကြောင်း။**

သီပေါ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

နောင်မွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီးဖုန်ဆား၏ မေးမြန်းစဉ်။ (သတင်းစဉ်)

ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ခွဲဝေပေးလျက်ရှိ

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အခြေခံပညာကျောင်းများရှိ စာသင်ခုံမလုံလောက်သည့် အခြေခံပညာကျောင်းများအတွက် မူလတန်းအောက်အဆင့် စာရေးခုံ၊ ထိုင်ခုံများ၊ မူလတန်း အထက်အဆင့် စာရေးခုံ၊ ထိုင်ခုံများ၊ အလယ်တန်း/အထက်တန်းအဆင့် စာရေးခုံ၊ ထိုင်ခုံများကို ကျောင်းသားဦးရေနှင့်တွက်ချက်၍ မြို့နယ်ပညာရေးမှူး၏ ထောက်ခံတင်ပြချက်ဖြင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနကစိစစ်ပြီး ခွဲဝေပေးလျက်ရှိပါကြောင်း၊ ခွင့်ပြုရန်ပုံငွေအတွင်းမှ ဆောင်ရွက်ပေးရခြင်းဖြစ်ပါသဖြင့် အမှန်တကယ်စာရေးခုံ၊ ထိုင်ခုံလိုအပ်လျက်ရှိသည့် ကျောင်းများကို ဦးစားပေးအစီအစဉ်အရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းအဆင့် (၃)ယောက် ထိုင်ခုံနှင့် စားပွဲအရှည်အစုံ(၂၀၀၀)၊ မူလတန်းအဆင့် (၃)ယောက်ထိုင်ခုံနှင့် စားပွဲအရှည်အစုံ(၃၀၀၀) တို့ကိုလည်း ဝယ်ယူရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဝန်ခံချက်ထားရှိ

ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ၏ **ကျုံပျော်မြို့နယ်၏ မြောက်ဘက်ဆုံးတွင်တည်ရှိသော ဒိုက်ပျက်တိုက်နယ်ရှိ အထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေကြသော အခြေခံပညာအထက်တန်းမှ ကျောင်းသား/ ကျောင်းသူများသည် ကျုံပျော်စာစစ်ဌာနသို့ နှစ်စဉ်သွားရောက်ဖြေဆိုနေကြရသဖြင့် သွားလာနေထိုင် စားသောက်ရေးကိစ္စအတွက် အခက်အခဲများစွာနှင့်ကြုံတွေ့နေရပါကြောင်း၊ သို့ဖြစ်၍ ဒိုက်ပျက်တိုက်နယ်ရှိ အထက်တန်းကျောင်း(ခွဲ)အား သီးခြားစာစစ်ဌာနတစ်ခုအဖြစ် သတ်မှတ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနအသစ်ဖွင့်လှစ်ရေးကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များထားရှိပါကြောင်း၊ ဖွင့်လှစ်မည့်စာစစ်ဌာနတွင် စာဖြေသူကျောင်းသားဦးရေ အနည်းဆုံး (၁၀၀)ရှိရမည်ဖြစ်ပါကြောင်း၊ မေးခွန်းနှင့်ဖြေဆိုပြီးအဖြေလွှာများ လုံခြုံစွာသိမ်းဆည်းထားနိုင်ရန် ဘဏ်၊ ငွေတိုက်၊ တပ်ရင်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်တို့ ရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သာရှိသော စာစစ်ဌာနများတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မီးခံတိုက်ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဏာပိုင်အဖွဲ့အစည်းများက စာမေးပွဲချောမောအောင်မြင်စွာကျင်းပနိုင်ရန် စာမေးပွဲမေးခွန်းနှင့် အဖြေလွှာများ၏ လုံခြုံရေးအတွက် အပြည့်အဝတာဝန်ယူနိုင်ကြောင်းကို ဝန်ခံချက်ထားရှိရပါကြောင်း။

ပြန်လည်ဖြေကြား

စာစစ်ဌာနတစ်ခုခုမှ ပြဿနာပေါ်ပေါက်လျှင် တစ်နိုင်ငံလုံးရှိစာစစ်ဌာနအားလုံး ထိခိုက်နိုင်သဖြင့် စာစစ်ဌာန အသစ်ပေးရန်အတွက် အသေးစိတ်စိစစ်ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ ကျုံပျော်မြို့နယ် ဒိုက်ပျက်တိုက်နယ်၌ ရဲစခန်းတစ်ခုသာရှိပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင်လည်း တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ(၆၄)ဦးသာရှိသည့်အတွက် အဆိုပါအထက်တန်းကျောင်း(ခွဲ)တွင် သီးခြားစာစစ်ဌာနတစ်ခုအဖြစ် သတ်မှတ်ပေးရန် မသင့်လျော်သေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်က **"ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ်(ဝါ)ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေး"** အဆို၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်က **"ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်"** အဆိုတို့ကို တင်သွင်းကြသည်။

အမည်စာရင်းတင်သွင်းနိုင်

ဦးဖုံးတိန့်၏ အဆိုကို စက်တင်ဘာ(၂၁)ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဒေါက်တာစံလှိုင်၏ အဆိုကို စက်တင်ဘာ(၂၂)ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ယင်းအဆိုများကို ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဆွေးနွေးအတည်ပြု

ယမန်နေ့က အပိုဒ် ၄၊ အပိုဒ်ခွဲ(က)အထိ ဆွေးနွေးအတည်ပြုပြီးသော **"၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆက်လက်ဆောင်ရွက်သည်။

အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်ပါစာသားအစား **အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အားအငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း** ဟူသောစာသားဖြင့် လည်းကောင်း၊ မူလပြဋ္ဌာန်းချက် မှတ်ချက်ပါစာသားအစား **ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကိုဆိုလိုသည်။** ဟူသောစာသားဖြင့်လည်းကောင်း ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသကဲ့သို့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အစား **အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း** ဟူသောစာပိုဒ်ဖြင့် လည်းကောင်း၊ မူလမှတ်ချက်စာပိုဒ်အစား **ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကို ဆိုလိုသည်။** ဟူသော စာပိုဒ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ရန်"အဆို၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက "အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ) ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အစား **အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း** ဟူသောစာပိုဒ်ဖြင့်လည်းကောင်း၊ မူလမှတ်ချက်စာပိုဒ်အစား **ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် အစိုးရဘဏ်မှသတ်မှတ်ထားသည့် ဘဏ်တိုးနှုန်းနှင့် စည်းကမ်းချက်များအတိုင်း စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးနိုင်သော [အခန်း-၁၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)ပါ စည်းကမ်းနှင့်ကိုက်ညီသော] တောင်သူလယ်သမားတစ်ဦးဦး သို့မဟုတ် တောင်သူလယ်သမားအဖွဲ့အစည်းတစ်ရပ်ရပ်ထံတွင် ပေါင်နှံခြင်းကို ဆိုလိုသည်။** ဟူသောစာပိုဒ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ရန်"အဆို၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က"အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်၏အဆုံးတွင် **ခွင့်ပြုချက်ဖြင့်ရောင်းချခြင်း** ဟူသောစကားရပ်ဖြည့်စွက်ရန်"အဆို၊ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က "အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်စာသားအစား **အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ မိမိသဘောဆန္ဒအရ ကာလတို အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း**ဟူသောစာသားဖြင့် အစားထိုးပြင်ဆင်ရန်"အဆို၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက"အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အစား **လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း** ဟူသောစာပိုဒ် အစားထိုးပြင်ဆင်ရန်နှင့် မူလပြဋ္ဌာန်းချက်ပါ မှတ်ချက်အကြောင်းအရာအား ပယ်ဖျက်ရန်"အဆိုတို့ကို တင်သွင်းကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

ယင်းပြင်ဆင်ချက် အဆို(၆)ခုနှင့်စပ်လျဉ်း၍ ဦးဌေးဦးက ဆွေးနွေးရာတွင် ဥပဒေကြမ်းကော်မတီနှင့် ဦးတင်မောင်ဦးတို့၏ ပြင်ဆင်ချက်အဆိုများသည် ထပ်တူထပ်မျှဖြစ်သည်ကိုတွေ့ရှိရပြီး သင့်လျော်သည့်အတွက် ထိုပြင်ဆင်ချက်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်သည် လက်ရှိပကတိအခြေအနေအရ လုံလောက်ပြည့်စုံသည့်အတွက် ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဆုံးဖြတ်

အဆိုရှင်များဖြစ်ကြသည့် ဦးတင်မောင်ဦး၊ ဦးရဲထွန်း၊ ဦးစိုင်းသီဟကျော်၊ ဦးစိုင်းဘိုးအောင်နှင့် ဦးအောင်သိန်းတို့၏ ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ သီးခြားစီမဲခွဲဆုံးဖြတ်ရာ ဦးတင်မောင်ဦး၏ အဆိုက ထောက်ခံမဲအများဆုံးရရှိသည့်အတွက် ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က"အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)မူလပြဋ္ဌာန်းချက်ပါ **အမြတ်ခွန်** ဟူသောစကားရပ်ကို **အခွန်** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ မူလစာသားအတိုင်းထားရှိပါက ပိုမိုပြည့်စုံမည်ဟု ယူဆပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးဌေးဦး၏ဖြေကြားချက်သည် ရှင်းလင်းပြည့်စုံသည့်အတွက် သဘောတူ ထောက်ခံပါကြောင်းဖြင့်တင်ပြသည်။

ဦးဌေးဦး၏ဖြေကြားချက်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲများသည့်အတွက် အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၄ တွင် အပိုဒ်ခွဲနှစ်ခု ထပ်မံဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသကဲ့သို့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးကလည်း"အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၏အောက်တွင် **(ဂ)လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့ပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ရှိသူ၏ဆန္ဒ၊ သဘောတူညီချက်မပါသော ဆောင်ရွက်မှုများမဖြစ်စေရ။ (ဃ) လုပ်ပိုင်ခွင့်အားအငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့သည် သတ်မှတ်ထားသောစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်။** ဟူသော အပိုဒ်ခွဲနှစ်ခုအား ဖြည့်စွက်ရန်နှင့် **မူလအပိုဒ်ခွဲ(ဂ)၊ (ဃ)နှင့်(င)တို့အား အပိုဒ်ခွဲ (င)၊ (စ)နှင့်(ဆ)တို့အဖြစ်** ပြင်ဆင် သတ်မှတ်ရန်"အဆိုကို တင်သွင်းသည်။

ယင်းအဆိုများနှင့်စပ်လျဉ်း၍ဦးဌေးဦး၏သဘောထားကိုမေးမြန်းရာ ဦးတင်မောင်ဦး၏ တင်ပြချက်သည် ပြည့်စုံမှန်ကန်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖြည့်စွက်ရန်လိုအပ်သောအချက်ဖြစ်သည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ပြင်ဆင်သတ်မှတ်

သို့ဖြစ်၍ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၏အောက်တွင် အသစ်ဖြည့်စွက်သော အပိုဒ်ခွဲ (ဂ)နှင့် (ဃ)တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့်မူလအပိုဒ်ခွဲ(ဂ)၊ (ဃ)နှင့်(င)တို့သည် အပိုဒ်ခွဲ(င)၊ (စ)နှင့် (ဆ)တို့အဖြစ် ပြင်ဆင်သတ်မှတ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အစား **အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပါက တည်ဆဲတရားဥပဒေအရ သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်ရမည်။** ဟူသောစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရန်နှင့် ပုဒ်မခွဲ(စ)အဖြစ် သတ်မှတ်ရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏သဘောထားကို မေးမြန်းရာ ပြင်ဆင်ချက်သည် လျော်ကန်သင့်မြတ်သဖြင့် ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဦးတင်မောင်ဦး၏အဆိုပြုတင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

သင့်တော်မှန်ကန်

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၄၊ အပိုဒ်ခွဲ(င)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အစား **လယ်ယာမြေလုပ်ပိုင်ခွင့်ကာလကို သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ကိုင်ခွင့်ရှိသည်။** ဟူသောစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရန်နှင့် ပုဒ်မခွဲ(ဆ)အဖြစ် ပြင်ဆင်သတ်မှတ်ရန်" အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ တင်ပြချက်သည် သင့်တော်မှန်ကန်မှု ရှိပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏တင်ပြချက်ကို သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဦးတင်မောင်ဦး၏ပြင်ဆင်ချက်အဆိုကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဗြိတိန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ အခြေအနေကောင်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က"အပိုဒ် ၄ တွင် မူလအပိုဒ်ခွဲများအပြင် **အဆိုပါ လယ်ယာမြေပေါ်တွင် လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ မိမိနှစ်သက်သောသီးနှံများကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ခွင့်ရှိသည်။** ဟူသောအပိုဒ်ခွဲတစ်ခု ထပ်မံဖြည့်စွက်ရန်" အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ဤဥပဒေတွင် မထည့်သင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သီးခြားထည့်သွင်းရန်မလိုအပ်ပါကြောင်းဖြင့် တင်ပြသည်။

မဲခွဲဆုံးဖြတ်

အဆိုရှင်ဦးစိုင်းသီဟကျော်က ဦးဌေးဦးနှင့်ပြည်ထောင်စုဝန်ကြီးတို့၏ ဖြေကြားချက်များကို နားလည်သဘောပေါက်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဦးစိုင်းသီဟကျော်၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၅ မှ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)အထိ ပြင်ဆင်ချက်တင်ပြထားခြင်း မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးနှင့်မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်တို့က "အပိုဒ် ၇၊ အပိုဒ်ခွဲ (င)ပါ မူလပြဋ္ဌာန်းချက်အား **ပယ်ဖျက်ရန်** နှင့် မူလအပိုဒ်ခွဲ (စ၊ ဆ၊ ဇ)တို့အား အပိုဒ်ခွဲ(င၊ စ၊ ဆ)အဖြစ် ပြင်ဆင်သတ်မှတ်ရန်"အဆို၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက"အပိုဒ် ၇၊ အပိုဒ်ခွဲ(င)ပါ မူလပြဋ္ဌာန်းချက် စကားရပ်အစား **လယ်ယာမြေအသုံးချခွင့်/လုပ်ပိုင်ခွင့်ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် တောင်သူလယ်သမားအချင်းချင်း လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်းပြုနိုင်သည်။** ဟူသော စကားရပ်ထည့်သွင်းရန်"အဆိုတို့ကို တင်သွင်းကြသည်။

ယင်းပြင်ဆင်ချက်အဆို (၂)ခုနှင့်စပ်လျဉ်း၍ ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ ပယ်ဖျက်ရန်ဆိုသည့် ပြင်ဆင်ချက်ကိုသာ ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လွှတ်တော်ကသာ အဆုံးအဖြတ်ပေးစေလိုပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးရဲထွန်း၏ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူ များသည့်အတွက် ဦးရဲထွန်း၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်စာသားအစား **လယ်ယာမြေနှင့်စပ်လျဉ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း စသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့် ဝန်ဆောင်မှုအခွန်အခပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှချမှတ်ပုံတင်ရမည်။** ဟူသောစာသားအတိုင်း ပြင်ဆင်ရန်နှင့် အပိုဒ်ခွဲ(င)ဟု ပြင်ဆင်ရန်" အဆို၊ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက"အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်အစား **လယ်ယာမြေနှင့် စပ်လျဉ်း၍လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းနှင့် အမွေဆက်ခံခြင်းစသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့်ဝန်ဆောင်မှုအခွန်အခပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် သတ်မှတ်သည့် အချိန်ကာလအတွင်း မှတ်ပုံတင်ရမည်။** ဟူသော စကားရပ်ဖြင့် ပြင်ဆင်ရန်"အဆိုတို့ကို တင်သွင်းကြသည်။

ယင်းပြင်ဆင်ချက်အဆို(၂)ခုနှင့်စပ်လျဉ်း၍ ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ မူလအဆိုကိုသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လွှတ်တော်ကသာ ဆုံးဖြတ်ပေးစေလိုပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ဦးတင်မောင်ဦး၏အဆိုက ထောက်ခံမဲအများဆုံးရရှိသည့်အတွက် ဦးတင်မောင်ဦး၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထည့်သွင်းဖြည့်စွက်ရန်မလို

ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက"အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)အောက်တွင် အပိုဒ်ခွဲ(ဆ)အဖြစ် **မြေခွန်နှင့် အခြားအခွန်အခများ၊ မှတ်ပုံတင်ခြင်းနှင့်ဝန်ဆောင်မှု အခွန်အခနှုန်းထားများကို အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးရမည်။** ဟူသော အပိုဒ်ခွဲအသစ်တစ်ခုထပ်မံဖြည့်စွက်ရန်နှင့် မူလအပိုဒ်ခွဲ (ဆ)၊ (ဇ)သည် (ဇ)၊ (ဈ)အဖြစ် ပြင်ဆင်ရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ သီးခြား ထပ်မံထည့်သွင်းဖြည့်စွက်ရန် မလိုပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ထပ်မံဖြည့်စွက်ရန် မလိုအပ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးအောင်သိန်းက ရှင်းလင်းဖြေကြားချက်များကို လက်ခံပါကြောင်းနှင့် အဆိုကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့် တင်ပြသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၁၀ မူလပြဋ္ဌာန်းချက်ကို **အငြင်းပွားမှု အရှုပ်အရှင်းဖြစ်ပေါ်နေသောကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း လယ်ယာမြေနှင့်စပ်လျဉ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို လုံးဝမပြုရ** ဟုပြင်ဆင်ရန်" အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ ပြင်ဆင်တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဦးတင်မောင်ဦး၏ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူ မရှိသည့်အတွက် ဦးတင်မောင်ဦး၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) မူလပြဋ္ဌာန်းချက်ပါ ပထမကွက်လပ်တွင် **ပြည်ထောင်စုဝန်ကြီး** ဟူသောစကားရပ်နှင့် ဒုတိယကွက်လပ်တွင် **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်** ဟူသောစကားရပ်ဖြည့်စွက်ရန်"အဆို၊ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က "အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)မူလပြဋ္ဌာန်းချက်ပါ ပထမကွက်လပ်တွင် **ပြည်ထောင်စုဝန်ကြီး** ဟူသောစကားရပ်နှင့် ဒုတိယကွက်လပ်တွင် **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး** ဟူသောစကားရပ်ဖြည့်စွက်ရန်" အဆိုတို့ကို တင်သွင်းကြသည်။

ယင်းပြင်ဆင်ချက်အဆို(၂)ခုနှင့်စပ်လျဉ်း၍ ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ ဦးတင်မောင်ဦး၏ ဖြည့်စွက်ပြင်ဆင်တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏ တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဦးစိုင်းဘိုးအောင်၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူများသည့်အတွက် ဦးစိုင်းဘိုးအောင်၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)တွင်ပါသည့် **ပုဒ်မခွဲ(က)**ဆိုသည့် စကားရပ်နေရာတွင် **အပိုဒ်ခွဲ(က)**ဆိုသည့်စကားရပ် အစားထိုးရန်နှင့် အပိုဒ်၁၂ အောက်တွင် အပိုဒ်သစ်အဖြစ် **အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ)နှင့်(င)ပါ အဖွဲ့များအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။ အဆိုပါ စီမံခန့်ခွဲမှုအဖွဲ့များအား အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။** ဟူသော အပိုဒ်သစ်ထပ်မံဖြည့်စွက်ရန်"အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ဦးတင်မောင်ဦး၏တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့်တင်ပြသည်။

သဘောတူထောက်ခံ

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဦးတင်မောင်ဦး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက "မူလပြဋ္ဌာန်းချက် အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ)အစ **လယ်ယာမြေ** ဟူသော စကားရပ်နောက်တွင် **လုပ်ပိုင်ခွင့်** ဆိုသည့် စကားရပ်ဖြည့်စွက်ရန်"အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ ဖြည့်စွက်ချက်ကို သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပိုမိုပြည့်စုံသည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ဦးတင်မောင်ဦး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၄ ပါ စာပိုဒ်အဆုံး စကားလုံး **မည်** ၏ ရှေ့မှ **ပါ** ဟူသော စကားလုံးအား ပယ်ဖျက်ရန်" အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဦးတင်မောင်ဦး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သဘောတူ

အခန်း(၈) မူလခေါင်းစဉ် **အယူခံခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများ** အား **အယူခံခြင်း** ဟုလည်းကောင်း၊ မူလပြဋ္ဌာန်းချက်အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က)ပါ **အမိန့်သို့မဟုတ် စီရင်ချက်** ဟူသောစကားရပ်ကို **ဆုံးဖြတ်ချက်** ဟု လည်းကောင်း၊ မူလပြဋ္ဌာန်းချက်အပိုဒ် ၂၁ ပါ **အမိန့် သို့မဟုတ် စီရင်ချက်** ဟူသော စကားရပ်ကို **ဆုံးဖြတ်ချက်** ဟုလည်းကောင်း ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ မူလအဓိပ္ပာယ်ပြောင်းလဲခြင်းမရှိသည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က "မူလပြဋ္ဌာန်းချက် အပိုဒ် ၂၂ ပါ နစ်နာကြေးနှင့် လျော်ကြေးစကားရပ်ရှေ့တွင် **ထိုက်သင့်သည့်** ဟူသောစကားရပ်ဖြည့်စွက်ရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ လျော်ကန်သင့်မြတ်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ဦးစိုင်းသီဟကျော်၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ဦးစိုင်းသီဟကျော်၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က "အပိုဒ် ၂၃ မူလပြဋ္ဌာန်းချက်ပါ **လယ်ယာစိုက်ပျိုးမြေ မလျော့ပါးစေရေး** ဟူသောစကားရပ်မှ **စေ** ဟူသော စာလုံးဖြုတ်ရန်နှင့် **အလေးထားစိစစ်ပြီး** ဟူသော စကားရပ်နောက်တွင် **အနည်းဆုံးလိုအပ်သော မြေဧရိယာကိုသာရယူ၍** ဟူသောစကားရပ်ဖြည့်စွက်ရန်" အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ သီးခြားဖြည့်စွက်ရန် မသင့်ပါကြောင်းနှင့် မူလအတိုင်းထားရှိခြင်းက ပိုမိုသင့်တော်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မူလအတိုင်း ထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းဘိုးအောင်က ဦးဌေးဦးနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ ဖြေကြားချက်များကို သဘောတူလက်ခံပါကြောင်းဖြင့် တင်ပြသည့်အတွက် အဆိုအတည် မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်းက"အပိုဒ် ၂၄ မူလပြဋ္ဌာန်းချက် နေရာတွင် **ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်က လိုအပ်၍ မြေယာသိမ်းယူမှုများ ပြုလုပ်ရသည်ရှိသော် နိုင်ငံတော်သမ္မတထံမှသာလျှင် အစပြုချက်ရှိရမည်ဖြစ်ပြီး အောက်ခြေမှ စတင်ကာ အထက်အဆင့်အဆင့်သို့ တင်ပြခွင့် တောင်းပြီး သိမ်းယူခြင်းမျိုးမရှိစေရ** ဟူသော အပိုဒ်ပြင်ဆင်အစားထိုးရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ မူလအတိုင်းထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မူလပြဋ္ဌာန်းချက်သည် ပြည့်စုံလုံလောက်ပြီးဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးရဲထွန်း(ခ)ဦးမင်းထွန်းက ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်ကို သဘောပေါက်ပါကြောင်းနှင့် မူလပြဋ္ဌာန်းချက်အား လက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၂၄ သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်နှင့် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်တို့က "အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ရန်"အဆိုတင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကိုမေးမြန်းရာ ပယ်ဖျက်ရန်မသင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပယ်ဖျက်ရန်မသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းသီဟကျော်၏အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူများသည့်အတွက် ဦးစိုင်းသီဟကျော်၏ ပြင်ဆင်ချက် အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)သည် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆီလျော်မှုရှိ

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး ကောင်းထက်စံက "အပိုဒ် ၂၈၊ အပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ မူလပြဋ္ဌာန်းချက်ပါ **၆ လအထိ** ဟူသော စကားရပ်ကို **၆ လထက်မပိုသော** ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ **ကျပ်တစ်သိန်းအထိ** ဟူသောစကားရပ်ကို **ကျပ်တစ်သိန်းထက်မပိုသော** ဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးရန်"အဆိုကို တင်သွင်းသည့်အတွက် ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ အဓိပ္ပာယ်ကွဲလွဲမှုမရှိသော်လည်း ဆီလျော်မှုရှိပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဗိုလ်မှူး/ဗိုလ်ကြီး ကောင်းထက်စံ၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်က အဆိုတင်သွင်းရန်ဖြစ်သော်လည်း ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြသည့်အတွက် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(က)နှင့်(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက"အပိုဒ် ၃၂ မူလပြဋ္ဌာန်းချက်ပါ စာပိုဒ်မှ **၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့်ဥပဒေနှင့် ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့** ဟူသည့်စကားရပ်ကို ပယ်ဖျက်ရန်" အဆို၊ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က"အပိုဒ် ၃၂ပါ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန်"အဆိုတို့ကို တင်သွင်းကြသည်။

ယင်းပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ ဦးဌေးဦး၏ သဘောထားကို မေးမြန်းရာ ဦးတင်မောင်ဦး၏အဆိုကို အတည်ပြုပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ဆန္ဒကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဦးတင်မောင်ဦး၏ တင်ပြချက်ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဦးတင်မောင်ဦး၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

“၂၀၁၁ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း” တစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့် အတိုင်းအတည်ပြုရန်"အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၁၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းနှင့် ကော်မတီများ၏ အစီရင်ခံစာများ အတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်က **"ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ-၃၁ အရ ရခိုင်ပြည်နယ်တွင် လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များ ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးမြန်းရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က **ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၌ လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ဆိပ်ကမ်း၊ တက္ကသိုလ်၊ ကျောင်း စသည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ပွင့်လင်းရာသီ၌ ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှိပါကြောင်း၊ သို့ရာတွင် နှစ်စဉ်အလုပ်လုပ်နိုင်သော အသက်အရွယ်သို့ ရောက်ရှိလာသည့် လူဦးရေတိုးတက်နှုန်းသည် အလုပ်အကိုင် အခွင့်အလမ်း တိုးတက်နှုန်းထက် များစွာသာလွန်နေသောကြောင့် လူငယ်အများစုသည်အလုပ်အကိုင်ရှာဖွေရေးအတွက်အခက်အခဲတွေ့နေကြရခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ကိစ္စမှာ ရေရှည်အချိန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်ပြီး အမျိုးသားစီးပွားရေး မူဝါဒတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးပွားရေးနှင့်အတူ လုပ်သား ဈေးကွက်ဖန်တီးရေး ဦးစားပေးခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဒေသန္တရ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်တိုးပွားရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော သက်မွေးလုပ်ငန်းများထူထောင်ရေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး စသည့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရှိခြင်းနှင့် စီးပွားရေးစီမံကိန်း၊ ပညာရေးစီမံကိန်းတို့နှင့်အတူ လူ့အင်အားစီမံကိန်းတစ်ရပ်ကို ပြုစုနိုင်ခြင်း ဟူသည့် လုပ်ငန်းများကို ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။**

ဖော်ပြထား

ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ် (၈)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤလုပ်ငန်းစဉ်များ၏ အကျိုးသက်ရောက်မှုတစ်ခုသည် ရေတိုဖြစ်သော ကိုယ်တိုင်၊ ကျပန်းနှင့် အိမ်တွင်းစီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများမှသည် ရေရှည်ဖြစ်သော လယ်ယာသားငါးကဏ္ဍ (on farm) နှင့် လယ်ယာသားငါးမှအပ အခြားစက်မှုလက်မှုလုပ်ငန်းများ (off farm) မှလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ဖြစ်ပါကြောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်၏ အခြေခံကျသော ရည်ရွယ်ချက်သည် လူတိုင်းအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိရေးဖြစ်ပါကြောင်း၊ ထို့အပြင် ယခုကျင်းပဆဲ လွှတ်တော် အစည်းအဝေးများတွင် စဉ်းစားဆွေးနွေးနေကြဆဲဖြစ်သော မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်း၏ ရည်ရွယ်ချက်တစ်ခုမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် အဆိုပါဆွေးနွေးပွဲများမှ ဖော်ထုတ်ရရှိသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက အကောင်အထည်ဖော်နေခြင်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁အရ "နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်" ဟူသောအချက်ကို စတင်အကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က လမ်း၊ တံတား ဆိုင်ရာမေးခွန်းများကိုမေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ဆောင်ရွက်

ရှေးဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ၏ **"သံတောင်ကြီးမြို့နယ်ရှိ သံတောင်-ဘောဂလီလမ်း၊ တောင်ငူ-လွိုင်ကော်လမ်း၊ သံမိုးတောင်-ပိန်းသီလာလမ်းတို့ကို အထူးပြန်လည်ထိန်းသိမ်းမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ သံတောင်-ဘောဂလီလမ်းသည် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း အပိုင်းတွင် ပါကြောင်း၊ သံတောင်မြို့မှ ဘောဂလီမြို့နယ်ခွဲအထိ(၂၈)မိုင် ရှည်လျားပြီး ကတ္တရာလမ်း(၉)မိုင်(၆)ဖာလုံ၊ ကျောက်လမ်း(၃)မိုင် (၄)ဖာလုံနှင့် အမာခံလမ်း(၁၄)မိုင်(၆)ဖာလုံဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၊ ကတ္တရာရေပိတ်လွှာလောင်းပြီး လမ်းအဆင့်ထိန်းသိမ်းခြင်းနှင့် အမာခံလမ်းအားကျောက်ဖြည့်ခင်း၍ ကျောက်ရောမြေတင် ခင်းကြိတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်ငူ-လွိုင်ကော်လမ်းသည် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်မှ ရှမ်းပြည်နယ် နယ်စပ်အထိ မိုင်(၅၀)(၆)ဖာလုံ ရှည်လျားပြီး ကတ္တရာလမ်း အမျိုးအစားဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပေ(၆၀၀)ရှိ ကျောက်စီရေမြောင်းနှင့် ပေ (၁၀၀)×ပေ (၂၀)ကျောက်စီမြေထိန်းနံရံ(၂)ခု တည်ဆောက်ခြင်းနှင့် ဘေလီတံတား(၈)စင်းမှ စုစုပေါင်းအရှည်ပေ (၃၀၀)အား သစ်သားထည်များလဲလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သံမိုးတောင်-ပိန်းသီလာလမ်းသည် ကရင်ပြည်နယ်၊ လိပ်သိုမြို့နယ်ခွဲ သံမိုးတောင်နှင့် ပိန်းသီလာရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်ပြီး (၁၂)မိုင်ရှည်လျားကာ ကျောက်လမ်း(၃)မိုင် (၄)ဖာလုံ၊ အမာခံလမ်း(၇)မိုင် (၆)ဖာလုံနှင့် မြေလမ်း(၆)ဖာလုံ ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာ

ပြန်လည်ဖြေကြား

အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဦးအောင်ကြည် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

နှစ်တွင်ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအရ ပေ(၃၀) အရှည်ရှိ တံတား(၂)စင်း၏ ဆွေးမြည့်နေသည့် သစ်သားထည်များလဲလှယ်ပြီး မူလမြေသားကမ်းကပ်ခုံမှ အုတ်ကမ်းကပ်ခုံအသစ် အဆင့်မြှင့်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းလမ်းများအတွက် ငွေလုံးငွေရင်းရန်ပုံငွေများ၊ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တည်ဆောက်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ **"ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းရှိ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ကျီခါးမြို့နယ်ခွဲတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် တီးတိန်-တွန်းဇံ-ကျီခါး ကားလမ်းနှင့်တံတားများအား အဆင့်မြှင့်ထိန်းသိမ်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါလမ်းမှာ မိုင်(၈၀)ရှည်လျားပြီး ကတ္တရာလမ်း(၄)မိုင်(၇)ဖာလုံ၊ ကျောက်လမ်း (၃၆)မိုင် (၄)ဖာလုံနှင့် မြေလမ်း(၃၈)မိုင်(၅)ဖာလုံ ဖြစ်ပါကြောင်း၊ ၁၉၉၀-၁၉၉၁ ဘဏ္ဍာနှစ်မှစတင်၍ လမ်းအူကြောင်းနှင့် လမ်းဖောက်လုပ်ခြင်း မိုင်(၈၀)၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း (၄)မိုင်(၇)ဖာလုံ၊ ကျောက်လမ်းအဆင့်ဆောင်ရွက်ခြင်း(၃၆)မိုင်(၄)ဖာလုံ၊ မြေလမ်းအဆင့် ဆောင်ရွက်ခြင်း (၃၈)မိုင် (၅)ဖာလုံနှင့် တံတားနှင့်ရေပြွန်(၆၂)စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အထိ လမ်းကျဉ်းနေရာများအား မြေထိုးစက်ဖြင့် လမ်းတာချဲ့ခြင်း၊ လမ်းသားနှိမ့်ချ၊ ဖြတ်ညှိခြင်း၊ လမ်းပခုံးဖြတ်ညှိခြင်း၊ ရေမြောင်းတူးခြင်းစသည့် လမ်း/တံတားလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာဖာထေးထပ်ပိုးလွှာခင်းခြင်း၊ မိုးတွင်းကာလ လမ်းနိမ့်ကျွံမှုများအား ကျောက်ဖြည့်ခင်းကြိတ်ခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ လမ်းတာချဲ့ခြင်း၊ ကျောက်ဖြည့်ခင်းကြိတ်ပြုပြင်ခြင်း၊ ကျောက်စီမြေကာနံရံ၊ ကျောက်စီကမ်းကပ်ခုံ၊ သံကူကွန်ကရစ်တံတားနှင့် သစ်မာခင်းတံတားတည်ဆောက်ခြင်း၊ ဘေလီတံတား(၂)စင်း၏ သစ်သားထည်များ အသစ်လဲလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း-တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ ဦးစားပေးအဆင့်များခွဲကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **"ကရင်ပြည်နယ် ထိုင်း-မြန်မာနယ်ခြားရှိ ဘုရားသုံးဆူမြို့နှင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့ကို ဆက်သွယ်သော သမိုင်းဝင်ကမ္ဘာကျော်လမ်းမကြီးအား နိုင်ငံတော်အစိုးရမှ ပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်းဖက်စပ်၍ဖောက်လုပ်စေခြင်းကို နိုင်ငံတော်အစိုးရမှခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ခုနှစ်တွင် စတင်ဖောက်လုပ်ပေးရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းသည် လမ်းအရှည်(၆၄)မိုင်(၅)ဖာလုံ ရှည်လျားပြီး ကတ္တရာလမ်း (၁)မိုင် (၆ ဒသမ ၅)ဖာလုံ၊ ကျောက်လမ်း (၈)မိုင် (၀ ဒသမ ၅)ဖာလုံ၊ အမာခံလမ်း (၂၈)မိုင် (၅)ဖာလုံ၊ မြေသားလမ်း (၂၆)မိုင် (၁)ဖာလုံတို့ဖြစ်ပါကြောင်း။

ရာသီမရွေးသွားလာနိုင်

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျောက်လမ်းပေါက်များအား ဖာထေးပြုပြင်ခြင်းနှင့် သံကူကွန်ကရစ် တံတား(၄)စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၆၄)မိုင် (၅)ဖာလုံအနက် (၃၈)မိုင် (၄)ဖာလုံမှာ ကတ္တရာလမ်းနှင့်အမာခံလမ်းအဆင့်ဖြစ်ပြီး ရာသီမရွေး သွားလာနိုင်ပါကြောင်း။

အဆိုပါလမ်းပိုင်းအား ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပူးပေါင်း ဖောက်လုပ်လိုပါကလည်း နိုင်ငံတော်အစိုးရကစိစစ်ပြီး မှန်ကန်ပါကဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီတစ်ခု ဖြစ်သည့် Silver Wave & Group Co,Ltd က ယင်းလမ်းအပိုင်းအား ဘီအိုတီစနစ်ဖြင့် လမ်း-တံတားအဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း လျှောက်ထားလာသဖြင့် ယင်းကုမ္ပဏီနှင့်ဆွေးနွေးရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်၏ **"ဝမ်းတွင်းမြို့နယ်မှ ပြည်ထောင်စုအမြန်လမ်းမကြီးသို့ ချဉ်းကပ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ **မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းတွင်ရှိသည့် ဝမ်းတွင်း-ပင်းတလဲ-ကန်ပတ်လည်-ရွှေပေါက်ကျွန်း-မလှိုင်လမ်းသည် (၃၇)မိုင်ရှည်လျားပါကြောင်း၊ အဆိုပါလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် လမ်းမဟုတ်ဘဲ နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝမ်းတွင်းမြို့မှ ပြည်ထောင်စုအမြန်လမ်းကြီးသို့ ဆက်သွယ်ပေးသည့်ချဉ်းကပ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့်** ပြန်လည်ဖြေကြားသည်။

ပြန်လည်ဖြေကြား

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောငြိမ်းသင်၏ **"၁၉၂၁ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သော လှိုင်းဘွဲမြို့ဝင် သံတံတားကြီးအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **လှိုင်းဘွဲမြို့ဝင်တံတားသည် R.P.T တံတား အမျိုးအစားဖြစ်၍ အရှည်(၁၉၅)ပေနှင့် အကျယ်(၁၂)ပေ (၆)လက်မ ရှိပါကြောင်း၊ ၁၉၂၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားသက်တမ်း ကြာမြင့်သည့်အလျောက် သံချေးစားခြင်းများရှိသည့်အတွက် ၂၀၀၉ ခုနှစ်တွင် တံတား အထူးအဖွဲ့ (၁၃)က တံတားကြံ့ခိုင်မှုကောင်းမွန်စေရေးအတွက် သံချေးစားသည့် သံပေါင်များအား ဖြတ်တောက်လဲလှယ်ခြင်း၊ သံပြားပိုးဆက်ပြုပြင်ခြင်း၊ သံချေးကာကွယ်ဆေးများသုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားခံနိုင်ဝန် အား (၁၈)တန်အထိ သတ်မှတ်ပေးထားပါကြောင်း၊ တံတား၏ကြံ့ခိုင်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဘားအံခရိုင် အင်ဂျင်နီယာမှူးရုံးက ပုံမှန်စစ်ဆေး ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းတံတားအား လောလောဆယ် အသစ်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့်** ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းစဉ်။
(သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ မေးမြန်းစဉ်။
(သတင်းစဉ်)

စီစဉ်ထား

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးလှစိုး၏ **"ပုလောမြို့နယ်ရှိ တံတားများမှာ အခိုင်အမာတံတားများနည်းပါးပြီး သစ်သားဖြင့်ပြုလုပ်ထားသော တံတားများသာရှိပါကြောင်း၊ ယင်းတို့အနက် ဖြတ်သန်းသွားလာမှုများသော ပုလောတံတားကို ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ်တံတားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပျက်စီးနေသော ပုလောမြို့နယ်လမ်းအပိုင်းကို ကတ္တရာပြန်လည်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်-ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမကြီး ပုလောမြို့အပိုင်းတွင်ရှိသည့် တံတား(၄)စင်းအနက် ပေ(၅၀၀)ရှည် ပလောက်တံတားသည် သံကူကွန်ကရစ်အုတ်မြစ်ဖြင့် တည်ဆောက်ထားသည့် ဘေလီတံတားဖြစ်ပါကြောင်း၊ ပေ(၂၉၀)ရှည် ပြည်ခြားတံတားသည် CH နှင့်ဘေလီ ပေါင်းစပ်တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ယင်းတံတား(၂)စင်း၏ သစ်သားကြမ်းခင်းနှင့်ဘီးလမ်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လဲလှယ်ရန်စီစဉ်ထားပါကြောင်း၊

ပေ(၃၀၀)ရှည် ကြိတံတားသည် ဘေလီတံတားဖြ
ရေးနှစ်တွင် သစ်သားတိုင်စင်များကို သံကူကွန်
မြှင့်တင်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပါ

တည်ဆောက်ပေးထား

**ပုလောတံတားသည် ခန်းဖွင့် ပေ(၆၀၀)
ဘေလီတံတားအမျိုးအစားဖြစ်ပြီး တံတားကို ၁၉
ခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားအုတ်မြစ်များကို သံ
ထားကာ ကြံ့ခိုင်မှုကောင်းမွန်ပါကြောင်း၊ စက်ဘီး
ကျောင်းသားကျောင်းသူများ၊ ဈေးသွားဈေးပြန်များ
အတွက် ဘီးလမ်းအား (၁၀)ပေ အပြည့်ခင်းပြီ
ကြောင်း၊ တံတားကြံ့ခိုင်မှု ကောင်းမွန်စေရေးအ**

ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး (၂၁) ရက် မြောက်နေ့သို့ တက် ရောက် လာကြသူများ အား တွေ့ရစဉ်။
(သတင်းစဉ်)

**ဝန်ကြီးဌာန မြိတ်ခရိုင်အဖွဲ့က အမြဲမပြတ်စစ်
ကြောင့် တံတားကို ဘေလီတံတားအဆင့်မှ သံက
တိုးမြှင့်ဆောင်ရွက်ရန် လောလောဆယ် အစီအ**

ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲ
ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-
လမ်းမကြီးပေါ်တွင်တည်ရှိပြီး အရှည်(၅၉)မိုင် (
အဆင့် လမ်းပိုင်းဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘ
တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုများပြ
မှု များဖြစ်ပေါ်ခဲ့ပြီး လမ်းများ၊ တံတားများ ရေ
ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ခဲ့ရာ တနင်္သာရီတိုင်း
ရေတိုက်စားခြင်း၊ လမ်းပေါ်ရေကျော်ခြင်း၊ လမ်း
များဖြစ်ပေါ်ခဲ့ပြီး လမ်းအောက်ခံမြေသားအ
ခံနိုင်ရည်အားကျဆင်းပြီး လမ်းများပျက်စီးခဲ့ရ
ဖြစ်သည့်အတွက် ဆက်သွယ်သွားလာမှု မ
ချိုင့်ခွက်များ ကျောက်ဖြည့်ခြင်း၊ သဲအုပ်ခြင်း စ
များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မေးမြန်းစဉ်။
(သတင်းစဉ်)

**မဲဆန္ဒန
လွှတ်
ဦးသိန်**

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်
ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ထားဝယ်-မြိတ်
အပိုင်း)တွင် လမ်းပြုပြင်ဖာထေးခြင်း၊ လမ်းတာပေါ
တံတားအသစ်တစ်စင်း တည်ဆောက်ခြင်းအပါအ
များကို ပွင့်လင်းရာသီ၌ ဆောင်ရွက်နိုင်ရန် ကြိုတ**
ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှ
**"လှည်းကူး-ဆားတလင်း-ဒါးပိန်လမ်းပိုင်းနှင့် ဒါး
လက်ရှိကျောက်ချောလမ်းနှင့် မြေသားလမ်းအဆင့်မှ
ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်
ပေးမည်ကိုသိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျ
အတွင်း လှည်းကူးမြို့နယ်ရှိ လှည်းကူး-ဆားတလ
ရှည်လျားပြီး ဆားတလင်း-ဒါးပိန်-ကွဲကူးဆိပ်
ကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လှည်းကူ

21-9 (08+09).pmd 1 9/21/2011, 3:22 AM

ပေ(၃၀၀)ရှည် ကြံတံတားသည် ဘေလီတံတားဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သစ်သားတိုင်စင်များကို သံကူကွန်ကရစ်တိုင်များအဖြစ် အဆင့်မြှင့်တင်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း။

တည်ဆောက်ပေးထား

ပုလောတံတားသည် ခန်းဖွင့် ပေ(၆၀၀)ရှည်သည့် သုံးလွှာတစ်ထပ်ဘေလီတံတားအမျိုးအစားဖြစ်ပြီး တံတားကို ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားအုတ်မြစ်များကို သံကူကွန်ကရစ်ဖြင့်တည်ဆောက်ထားကာ ကြံ့ခိုင်မှုကောင်းမွန်ပါကြောင်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကျောင်းသားကျောင်းသူများ၊ ဈေးသွားဈေးပြန်များ အလွယ်တကူသွားလာနိုင်ရေးအတွက် ဘီးလမ်းအား (၁၀)ပေ အပြည့်ခင်းပြီး တည်ဆောက်ပေးထားပါကြောင်း၊ တံတားကြံ့ခိုင်မှု ကောင်းမွန်စေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြိတ်ခရိုင်အဖွဲ့က အမြဲမပြတ်စစ်ဆေးပြီး ပြုပြင်လျက်ရှိသောကြောင့် တံတားကို ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ်တံတားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲ ဆက်သွယ်သည့်လမ်းသည် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး အရှည်(၅၉)မိုင် (၆)ဖာလုံရှိသည့် ကတ္တရာလမ်းအဆင့် လမ်းပိုင်းဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မိုးရာသီကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုများပြားသည့်အတွက် ရေကြီးရေလျှံမှု များဖြစ်ပေါ်ခဲ့ပြီး လမ်းများ၊ တံတားများ ရေတိုက်စားခြင်း၊ ရေကျော်ခြင်း၊ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးတွင်လည်း လမ်းများ ရေတိုက်စားခြင်း၊ လမ်းပေါ်ရေကျော်ခြင်း၊ လမ်းဘေး ဝဲ/ယာ ရေပြင်ကျယ်ကြီးများဖြစ်ပေါ်ခဲ့ပြီး လမ်းအောက်ခံမြေသားအတွင်း ရေစီးဝင်မှုများကြောင့် ခံနိုင်ရည်အားကျဆင်းပြီး လမ်းများပျက်စီးခဲ့ရပါကြောင်း၊ မိုးရာသီကာလဖြစ်သည့်အတွက် ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ချိုင့်ခွက်များ ကျောက်ဖြည့်ခြင်း၊ သဲအုပ်ခြင်း စသည့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မေးမြန်းစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း မေးမြန်းစဉ်။
(သတင်းစဉ်)

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ထားဝယ်-မြိတ်လမ်း (ပလောက်-ပုလောအပိုင်း)တွင် လမ်းပြုပြင်ဖာထေးခြင်း၊ လမ်းတာပေါင်ချဲ့ခြင်းနှင့် သံကူကွန်ကရစ်တံတားအသစ်တစ်စင်း တည်ဆောက်ခြင်းအပါအဝင် လမ်း-တံတားလုပ်ငန်းများကို ပွင့်လင်းရာသီ၌ ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **"လှည်းကူး-ဆားတလင်း-ဒါးပိန်လမ်းပိုင်းနှင့် ဒါးပိန်-ကျွဲကူးဆိပ်လမ်းပိုင်းအား လက်ရှိကျောက်ချောလမ်းနှင့် မြေသားလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည်းကူးမြို့နယ်ရှိ လှည်းကူး-ဆားတလင်းလမ်းမှာ (၆)မိုင် (၆)ဖာလုံရှည်လျားပြီး ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းမှာ (၆)မိုင်ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လှည်းကူး-ဆားတလင်း လမ်းအခြေအနေမှာ ကတ္တရာလမ်း(၆)မိုင်(၁)ဖာလုံနှင့် ကျောက်လမ်း(၅)ဖာလုံ ဖြစ်ပါကြောင်း၊ ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ် လမ်းအခြေအနေမှာ ကတ္တရာလမ်း(၄)မိုင်(၅)ဖာလုံ၊ ကျောက်လမ်း(၄)ဖာလုံနှင့် အမာခံလမ်း(၇)ဖာလုံ ဖြစ်ပါကြောင်း။

လျာထားတင်ပြ

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ယင်းလမ်းများအား လမ်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပျက်စီးနေသောကတ္တရာလမ်းနှင့် မြေသားလမ်းတို့ကို ပြုပြင်ခြင်းနှင့် သစ်သားတံတား(၁)စင်း၏ ဆွေးမြည့်နေသော ကြမ်းခင်း၊ ဘီးလမ်းပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လှည်းကူး-ဆားတလင်းလမ်းမှ ကတ္တရာလမ်း(၂)မိုင်အား ထပ်ပိုးလွှာတင်ပြီး ရေပိတ်လွှာ

တည်ငြိမ်ခိုင်မာသည့် မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ

လောင်းခြင်း၊ (၅)ဖာလုံကို ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ လျာထားတင်ပြထားပါကြောင်း။

ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်း၌ (၆)ဖာလုံရှိ ကတ္တရာလမ်းဟောင်းအား ထပ်ပိုးလွှာတင်ပြီး ရေပိတ်လွှာလောင်းခြင်း၊ (၄)ဖာလုံကျောက်လမ်းကို ကတ္တရာလမ်းအဆင့်ဆောင်ရွက်ခြင်း၊ (၁)မိုင်(၂)ဖာလုံအား မြေသားတာပေါင်တိုးချဲ့ခြင်းနှင့် လမ်းပုံဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လမ်း-တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် တင်ပြထားပါကြောင်း၊ ရန်ပုံငွေရရှိပါက လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ရထားပို့ဆောင်ရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညဏ်လင်း၏ **"ရန်ကုန်-ရွှေညောင်ရထားဖြင့် စီးနင်းလိုက်ပါသော ရထားစီးခရီးသည်များ ပျဉ်းမနားဘူတာရောက်သည့်အခါ ရထားပြောင်းစီးရန်မလိုဘဲ တောင်ပေါ်တက်သည့် စက်ခေါင်းနှင့် မြေပြန့်သွားစက်ခေါင်းပြောင်း၍ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ယခင်က ရန်ကုန်-ရွှေညောင်ရထားသည် သာစည်ဘူတာတွင် တောင်ပေါ်တက်မည့်တွဲများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘရိတ်ကောင်းမွန်စေရေးနှင့် တွဲအစိတ်အပိုင်းများ စစ်ဆေးရန်(၂)နာရီမှ (၃)နာရီအထိအချိန်ယူပြီး တွဲစစ်ဆေးရေးကျင်းသို့ တွဲဆိုင်းရွှေ့ပြောင်းစစ်ဆေးရပါကြောင်း၊ ထိုအချိန်တွင် ခရီးသည်များရထားပေါ် တက်/ဆင်းပြုလုပ်ရာ၌ အခက်အခဲရှိခြင်းနှင့် တွဲများအတွင်း သန့်ရှင်းရေး မပြုလုပ်နိုင်ခြင်းတို့ကြောင့် ပြုပြင်ပေးရန်တောင်းဆိုမှုများ၊ တိုင်ကြားမှုများ ရှိခဲ့ပါကြောင်း။

ကြပ်ကြပ်မတ်မတ်ဆောင်ရွက်

ယခုနှစ်၌ ရန်ကုန်-ရွှေညောင်တွဲဆိုင်းဖြင့် လိုက်ပါလာသောခရီးသည်များ ပျဉ်းမနားရောက်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်၍ စစ်ဆေးပြီးသန့်ရှင်းမှုပြုလုပ်ကာ ရေဖြည့်ထားသောတွဲများပေါ်သို့ ရွှေ့ပြောင်းရပါကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းမှာ တောင်ပေါ်တက်စဉ် ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် သန့်ရှင်းသောတွဲများကိုအသုံးပြုနိုင်ရန်ရည်ရွယ်၍ ခရီးသည်များအကျိုးငှာ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ရထားတွဲဆိုင်းချင်းယှဉ်၍ရပ်ကာ ခရီးသည်များကို ကူးပြောင်းစေခြင်းဖြစ်၍ အခက်အခဲပြဿနာများရှိသည်ဟူသော အကြံပြုချက်၊ တိုင်ကြားချက်များ ရရှိဖူးခြင်းမရှိခဲ့ပါကြောင်း၊ ယခုတင်ပြသောကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာပြီး အခက်အခဲပြဿနာများရှိပါက ပပျောက်အောင်ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၏ **"ဗန်းမော်-မြစ်ကြီးနား မီးရထားလမ်း ဖောက်လုပ်မည့်အစီအစဉ်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ **ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းသစ်(၄၇၄ ဒသမ၅)မိုင်ကို ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်း၏(၂၆၉)မိုင်အား မြစ်ကြီးနား-ဗန်းမော် လမ်းပိုင်း(၁၀၈)မိုင်၊ သီပေါ-လဲချားလမ်းပိုင်း(၁၂၇)မိုင်နှင့် လဲချား-နမ့်စန်လမ်းပိုင်း(၃၄)မိုင်ဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ ၁၂-၉-၂၀၁၀ရက်နေ့မှစတင်၍ ဖောက်လုပ်လျက်ရှိကြောင်း။**

မြစ်ကြီးနား-ဗန်းမော်လမ်းပိုင်းတွင် တာပေါင်မြေကြီးလုပ်ငန်း (၂၁၇၃၃)ကျင်း၊ သီပေါ-လဲချားလမ်းပိုင်းတွင် တာပေါင်မြေကြီးလုပ်ငန်း ကျင်း(၃၅၆၀၀၀)နှင့် တံတားကြီး၊ငယ်(၄)စင်း၊ လဲချား-နမ့်စန် လမ်းပိုင်းတွင် တာပေါင်မြေကြီး လုပ်ငန်း(၂၇၂၆၄၂)ကျင်းနှင့် တံတားကြီး၊ငယ်(၂)စင်းတို့ကိုဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ယခုလက်ရှိ အခြေအနေတွင် အဆိုပါဒေသများ၌ နယ်မြေအေးချမ်းမှုမရှိသဖြင့် လုပ်ငန်းများရပ်တန့်ထားပါကြောင်းနှင့် နယ်မြေအေးချမ်းမှုရှိပါက ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြုပြင်မွမ်းမံမည်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **"မိုးညှင်းမြို့ ဘူတာရုံ၏ ပင်မအဆောက်အအုံမှာ ဟောင်းနွမ်းလျက်ရှိပြီး ကုန်စည်သိုလှောင်ရုံအဆောက်အအုံမှာလည်း သေးငယ်ခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ရန် နေရာကျဉ်းမြောင်းခြင်းတို့ကြောင့် ခရီးသွားပြည်သူများအတွက် အနှောင့်အယှက်အခက်အခဲများဖြစ်စေပါကြောင်း၊ ယင်းဘူတာရုံနှင့် ကုန်စည်သိုလှောင်ရုံတို့ကို တိုးချဲ့တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **ယခု ပွင့်လင်းရာသီတွင် တိုင်းဒေသကြီး/ပြည်နယ် အခြေစိုက်သည့်မြို့ရှိ ဘူတာများကို ပထမဦးစားပေး၊ ခရိုင်မြို့ဘူတာများကို ဒုတိယဦးစားပေးနှင့် မြို့နယ်အဆင့် ဘူတာများကို တတိယဦးစားပေးအဖြစ် ပြင်ဆင်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ မိုးညှင်းဘူတာသို့ ရထားအသီးသီးဖြင့်ရောက်ရှိလာသည့် ကုန်စည်များအနက် မြစ်ကြီးနားဘက်သို့ ဆက်လက်ပို့ဆောင်မည့်ကုန်များမှာ ကုန်စည်သိုလှောင်ရုံ သေးငယ်နေသဖြင့် ပြင်ပတွင်စုပုံကြကြောင်း၊ အထူးသဖြင့် ရွှေဘို-မိုးညှင်း အစုန်/အဆန် ပြေးဆွဲသည့်ရထားတွင်ပါလာသော ပါဆယ်တွဲ(၂)တွဲမှ ကုန်ပစ္စည်းအများစုမှာ မြစ်ကြီးနားဘက်သို့ ဆက်လက်ပို့ဆောင်မည့်ကုန်များ ဖြစ်နေသဖြင့် ရထားလမ်းများအကြားတွင်လည်းကောင်း၊ ဘူတာပလက်ဖောင်းတွင်လည်းကောင်း စုပုံထားကြရာ ခရီးသည်များ ဘူတာယာဒ်ဝင်းအတွင်း သွားလာမှုတွင် အနှောင့်အယှက်ဖြစ်နေကြောင်းကို သိရှိရသဖြင့် မိုးညှင်းဘူတာ၏ တောင်ဘက်ခြမ်း ကုန်ပို့သူများ ရွေးချယ်ပေးသည့်နေရာတွင် အမြန်ဆုံးကုန်ရုံဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်းနှင့် ဘူတာကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း ပြုပြင်မွမ်းမံပေးမည်ဖြစ်ပါကြောင်းဖြင့်** ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **"ငွေချိုမှ ရေနံချောင်းသို့ မီးရထားလမ်းသစ် တိုးချဲ့ဖောက်လုပ်ပေးနိုင်ပါရန်နှင့် ဖောက်လုပ်ပေးနိုင်မည့် အခြေအနေအား သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်တိုးတက်စေရေးအတွက် ရထားလမ်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ကြံခင်း-ပခုက္ကူ မိုင်(၃၂၀)၊ ကသာ-ဗန်းမော်(၉၈)မိုင်၊ မိုးနဲ-ကျိုင်းတုံ(၂၂၆)မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး(၉၅)မိုင်၊ ထားဝယ်-မြိတ်(၁၃၂ ဒသမ ၅)မိုင်၊ မင်းဘူး-အမ်း-စစ်တွေ (၂၅၇)မိုင်၊ ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(၈၉)မိုင်၊ ပြည် (ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် မိုင်(၁၂၀)၊ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း(၄၈)မိုင်၊ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း မိုင်(၁၂၀)၊ မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် (၄၇၄ ဒသမ ၅)မိုင်၊ မုံရွာ-ကနီ-မင်းကင်း-ကလေးဝ-ကလေး(၁၂၅)မိုင်နှင့် တောင်ငူ-ယာဒို-လွိုင်ကော် မိုင်(၁၅၀) စသည့် ရထားလမ်းစီမံကိန်းများ ဖြစ်ပါကြောင်း။**

စုစုပေါင်း စီမံကိန်း(၁၃)ခု၊ (၂၂၅၅)မိုင်ရှိသည့်အနက် (၄၇၅)မိုင်ကို ဖောက်လုပ်ပြီးဖြစ်ပါကြောင်း၊ (၁၇၈၀)မိုင် ဆက်လက်ဖောက်လုပ်ရန်ကျန်ရှိပြီး လက်ရှိတွင် (၁)နှစ်လျှင် ရထားလမ်းမိုင် (၂၀၀)ခန့် ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဦးစားပေးရထားလမ်းစီမံကိန်းများ ဆောင်ရွက်နေချိန်တွင် အဆိုပြုထားသောရထားလမ်းကို ဖောက်လုပ်ရန် နိုင်ငံတော်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၏ **"နိုင်ငံတော်၏ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို အများပြည်သူလေ့လာသိရှိရန်အတွက် အခါအားလျော်စွာ ထုတ်ပြန်အသိပေးရန် အစီအစဉ် ရှိ/မရှိနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးမှန်းခြေငွေစာရင်း၌ လိုငွေပြမှုကို ခွင့်ပြု/မပြု၊ ခွင့်ပြုပါက လိုငွေအတွက် ဘဏ်ချေးငွေများ ထုတ်ပေးရန်စီမံထားခြင်း ရှိ/မရှိ တို့ကို သိရှိလိုပါကြောင်း"နှင့် "နိုင်ငံတော်ဘတ်ဂျက်ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရေး"** မေးခွန်းများနှင့်စပ်လျဉ်း၍ တည်ငြိမ်ခိုင်မာသည့် မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများကို ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးစီမံခန့်ခွဲမှုလိုအပ်ချက်တွင် အရေးပါသည့်မူဝါဒတစ်ရပ်ဖြစ်သည့်ငွေကြေးမူဝါဒကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းငွေကြေး မူဝါဒနည်းလမ်းများမှာ သီးသန့်ငွေ လိုအပ်ချက် သတ်မှတ်ခြင်း၊ အတိုးနှုန်းမူဝါဒနှင့်အစိုးရငွေချေးစာချုပ်များ ထုတ်ဝေရောင်းချခြင်းတို့ ဖြစ်ပါကြောင်း။

သုံးသပ်ဆောင်ရွက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယင်း၏အဓိကရည်ရွယ်ချက်ဖြစ်သည့် ငွေရေးကြေးရေးဆိုင်ရာတည်ငြိမ်မှုရရှိရေးအတွက် ငွေကြေးပမာဏထိန်းချုပ်ရန် အထောက်အကူပြုသည့် ငွေကြေးမူဝါဒဆိုင်ရာ နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ရှင်သန်တိုးတက်လာစေရေးနှင့် ပြည်တွင်းမှတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပေးနိုင်ရန်အတွက် မူဝါဒဆိုင်ရာပြင်ဆင်သတ်မှတ်ချက်များကိုလည်း လိုအပ်သလို သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အခွန်အကောက်များ ရရှိရေး၊ အစိုးရ၏အသုံးစရိတ်များခွဲဝေသုံးစွဲရေးနှင့် အစိုးရ၏ ပြည်တွင်း၊ ပြည်ပ ချေးငွေရယူနိုင်စွမ်းများကို လိုသလို ထိန်းညှိဆောင်ရွက်သည့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ရေးဆွဲအကောင်အထည်ဖော်

နိုင်ငံတော်၏ ရေရှည်ဘဏ္ဍာရေးမူဝါဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Growth) သာမက ပြည်သူများအကြား ညီမျှမှု(Equity)ကိုပါ ရရှိစေရန် နိုင်ငံတော်၏အရင်းအမြစ်များကိုစုစည်း၍ ထုတ်လုပ်မှုနှင့် အခြားစီးပွားရေးဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် ခွဲဝေအသုံးချရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များအောင်မြင်စေရန် ဘဏ္ဍာရေးနည်းလမ်းများကိုအသုံးပြုကာ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၇-၁-၂၀၁၁ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

21-9 (08+09).pmd 2 9/21/2011, 3:22 AM

စာမျက်နှာ ၉ မှ

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၏ ရငွေသုံးငွေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ ရငွေသုံးငွေများအဖြစ် ခွဲခြားရေးဆွဲထားပါကြောင်း။

ထည့်သွင်းဖော်ပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် အဆိုပါ အရအသုံးဆိုင်ရာဥပဒေကို ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို သုံးသပ်တင်ပြခြင်းစာတမ်းကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အများပြည်သူသိရှိနိုင်ရန် ရှင်းလင်းဖတ်ကြားခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေကိုလည်း ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့သို့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ (က) နှင့်(ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား (၅)ပါ အခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက အဆိုပါ ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရသုံးမှန်းခြေ ငွေစာရင်း၌ လိုငွေပြမှုကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ထောက်ပံ့ခြင်းနှင့် ချေးငွေများထုတ်ချေးခြင်းတို့ ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြဋ္ဌာန်းချက်ပါရှိ

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **"ဝန်ထမ်းများ ခရီးသွားလာရာတွင် လိုက်နာကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံခရီးစရိတ်လက်စွဲသည် ခေတ်ကာလနှင့်ဆီလျော်မှုမရှိတော့ပါသဖြင့် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲကို ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများတာဝန်အရ ခရီးသွားလာကြရာတွင် မြန်မာနိုင်ငံခရီးစရိတ် လက်စွဲအရ ခရီးစရိတ်များကို ခံစားကြရပါကြောင်း၊ ခရီးစရိတ်ဆိုသည်မှာ ဖြည့်စွက်စရိတ်တစ်မျိုးဖြစ်ပြီး အများပြည်သူ အကျိုးအတွက် တာဝန်ဖြင့် ခရီးသွားလာရသော နိုင်ငံ့ဝန်ထမ်းအား ခွင့်ပြုထုတ်ပေးသောစရိတ်ဖြစ်ပါကြောင်း၊ ၁၉၂၂ ခုနှစ် မြန်မာနိုင်ငံခရီးစရိတ် လက်စွဲအပိုဒ် ၃(၁)တွင်လည်း ခရီးစရိတ်တစ်ရပ်ကို ခံစားရာ၌ လက်ခံရရှိသူအတွက် အမြတ်အစွန်းမဖြစ်စေရဟူသော ပြဋ္ဌာန်းချက်ပါရှိပါကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ခရီးသွားလာကြရာတွင် မြန်မာနိုင်ငံ ခရီးစရိတ်လက်စွဲအရ ခရီးစရိတ်နှင့် ခရီးသွားနေ့တွက်စရိတ်နှုန်းများကို ထုတ်ယူခံစားခွင့်ရှိပါကြောင်း၊ ပြောင်းရွှေ့ခြင်း၊ နယ်လှည့်ခရီးထွက်ခြင်း၊ စစ်ဆေးရေးခရီးထွက်ခြင်းနှင့် သင်တန်းတက်ရောက်ခြင်းများ ဆောင်ရွက်ကြရာတွင် ခရီးအမျိုးအစားအလိုက် ကုန်ကျသည့်စရိတ်များဖြစ်သည့် ယာဉ်စရိတ်၊ ပုံသေခရီးစရိတ်၊ မိုင်နှုန်းစရိတ်၊ ယာဉ်ခများ၊ အမှန်ကုန်ကျစရိတ်နှင့် နေ့တွက်စရိတ်များ ထုတ်ယူခံစားကြရပါကြောင်း။

ပြည်သူ့ဝန်ထမ်းများ တာဝန်ဖြင့်ခရီးသွားလာရာတွင် ခံစားခွင့်ရှိသည့် နေ့တွက်စရိတ်နှုန်းထားကို မြန်မာနိုင်ငံခရီးစရိတ်လက်စွဲပါ နှုန်းထားများအတိုင်း ၁၉၇၉ ခုနှစ်အထိ ခံစားခွင့်ပြုခဲ့ပြီး ယခင်နိုင်ငံတော်ကောင်စီ၏ ၁၂-၆-၁၉၇၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၀/၇၉ ဖြင့် ခရီးသွားနေ့တွက်စရိတ်နှုန်းကို တစ်ပြေးညီ (၁၀)ကျပ်သို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀-၄-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၈၉ဖြင့် (၁၅)ကျပ်သို့လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၃၀-၉-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၆/၂၀၁၀ ဖြင့် ကျပ် (၁၁၀၀)သို့လည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း။

အထက်ပါ ခရီးသွားနေ့တွက်စရိတ်နှုန်းအား ခရီးသွားလာခွင့်အမိန့် (Movement Order) ဖြင့် တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်းများကိုသာ ခွင့်ပြုရန်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ခရီးသွားရောက်ခြင်းကို တာဝန်အဖြစ် သတ်မှတ်ခြင်းမပြုရန် အတွက် ဝန်ကြီးဌာနများမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စည်ပင်သာယာရေး နယ်နိမိတ်များအတွင်း ခရီးသွားခြင်းအတွက်မဟုတ်ဘဲ ဌာနချုပ်(Head Quarter) မှ အခြားဒေသများသို့ တာဝန်အရ ခရီးသွားလာခြင်းအတွက်သာ ခရီးစရိတ်နှင့် နေ့တွက်စရိတ်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦး၏ တာဝန်ကျရုံးစိုက်ရာဒေသသည် ယင်းဝန်ထမ်း၏ဌာနချုပ် (Head Quarter) ဖြစ်ပါကြောင်း။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများတာဝန်အရ ခရီးသွားလာကြရာတွင် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အမှန်ကုန်ကျသည့် ခရီးစရိတ်ကို ထုတ်ယူနိုင်ပြီး ခရီးသွားနေ့တွက် စရိတ်နှုန်းထားကိုလည်း ငွေကျပ် (၁၁၀၀)ပြင်ဆင်ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲအား ပြင်ဆင်ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှဦးမြတ်ကို၏ **"လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားထောက်ပံ့စရိတ် သို့မဟုတ် ရှားပါးစရိတ် သို့မဟုတ် အထူးအခွင့်အရေးများ ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ၁၉၇၉ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်များကို လူမှုရေး အခက်ခဲဆုံးအဆင့်နှင့် လူမှုရေးခက်ခဲသော အဆင့်ဟူ၍ နှစ်ဆင့်ခွဲခြားသတ်မှတ်ခဲ့ပြီး အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများသည် ဒေသစရိတ်များ ခံစားခွင့်ရရှိခဲ့ပါကြောင်း၊ လူမှုရေးအခက်ခဲဆုံးအဆင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများသည် လစာ၏ (၁၀)ရာခိုင်နှုန်းမှ(၂၅)ရာခိုင်နှုန်းအထိ၊ လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများသည် လစာ၏(၈)ရာခိုင်နှုန်းမှ(၂၀)ရာခိုင်နှုန်းအထိ ဒေသစရိတ်ခံစားရပါကြောင်း။

ခံစားခွင့်ပြု

၁၉၈၉ ခုနှစ် ဇူလိုင် ၁၂ ရက်နေ့မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား ထိုဝန်ထမ်း လစဉ်ထုတ်ယူရရှိသည့် လစာနှင့် ညီမျှသောငွေကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်နေ့မှစ၍ အစိုးရဝန်ထမ်းများ၏ လစာများကို တိုးမြှင့်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ကျသည့် ဝန်ထမ်းများသည်လည်း တိုးမြှင့်လစာနှုန်းများကို ခံစားခွင့်ရရှိကြပြီး လစာ၏(၂၅)ရာခိုင်နှုန်းကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစ၍ ဝန်ထမ်းများ၏လစာကို ထိုက်ထိုက်တန်တန် တိုးမြှင့်ပေးခဲ့ရာ နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအား အထူးလစာ၊ နေ့တွက်စရိတ်၊ လုပ်ခနှင့် အထူးလုပ်ခများခံစားခွင့်အစား အခြားဝန်ထမ်းများနည်းတူ တိုးမြှင့်လစာနှုန်းများနှင့် နေ့စားလုပ်ခနှုန်းများကိုသာ ခံစားခွင့်ပြုခဲ့ပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ တာဝန်အရသွားလာရသည့် ဆင်သေ-လဟယ်-ဒုံဟီးခရီးစဉ်တွင် ကုန်ကျသည့်ခရီးစရိတ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တောင်းခံသည့် အမှန်ခရီးစရိတ်ကုန်ကျငွေများကိုလည်း ဌာနအဖွဲ့အစည်းများမှ ပုံမှန်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ယခုအခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများဖွဲ့စည်းခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

တင်ပြဆောင်ရွက်

လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်အရ ခရီးသွားလာရာတွင် ခရီးစရိတ်နည်းဥပဒေအရ အမှန်ကုန်ကျသော ခရီးစရိတ်များကို ခံစားခွင့်ပြုထားပါကြောင်း၊ သို့ရာတွင် ဒေသစရိတ်များကြီးမြင့်သဖြင့် သီးခြားထောက်ပံ့စရိတ် သို့မဟုတ် ရှားပါးစရိတ် သို့မဟုတ် အထူးအခွင့်အရေးများ ပေးရန်လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ တင်ပြဆောင်ရွက်ရန် ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **"ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲတွင် ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ တပ်မတော်သားများနှင့်ပင်စင်စားဝန်ထမ်းများ၏ ငွေသွင်း၊ ငွေထုတ်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်ခွဲများသည် နိုင်ငံတော်၏ ပြည်တွင်းဘဏ်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပေးနေပြီး ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရုံးစိုက်ရာ မြို့ကြီးများ၊ ခရိုင်အဆင့်မြို့ကြီးများ၊ ဒေသဖွံ့ဖြိုးမှုနှင့် လမ်းပန်း ဆက်သွယ်ရေးအခြေအနေ ကောင်းမွန်သောမြို့နယ်များတွင် မြို့နယ်ဘဏ်ခွဲနှင့် ဘဏ်ငွေတိုက်ခွဲများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

ဖွင့်လှစ်ထားရှိ

ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များရုံးစိုက်ရာ မြို့ကြီးများအပါအဝင် ခရိုင်အဆင့်ဘဏ်ခွဲ (၄၇)ခု၊ မြို့နယ်အဆင့် ဘဏ်ခွဲ(၂၀၀)၊ ဘဏ်ငွေတိုက်ခွဲ(၂၂)ခုနှင့် ငွေစုဘဏ်ရုံးခွဲ(၁၀)ရုံး၊ စုစုပေါင်း ငွေကြေးလက်ခံဆောင်ရွက်ပေးလျက်ရှိသည့် ဘဏ်ခွဲပေါင်း (၃၀၆)ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွင်း ပြည်နယ်ရုံးစိုက်ရာမြို့ဖြစ်သည့် မြစ်ကြီးနားမြို့နှင့်ခရိုင်အဆင့် မြို့နယ်များဖြစ်သည့် ပူတာအို၊ ဗန်းမော်တို့၌ ခရိုင်ဘဏ်ခွဲများအပြင် မြို့နယ်အဆင့်ဘဏ်ခွဲများအဖြစ် မိုးကောင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ မချမ်းဘော၊ ရွှေကူ၊ မိုးမောက်၊ မန်စီမြို့များတွင်လည်းကောင်း၊ ဘဏ်ငွေတိုက်ခွဲအဖြစ် ဆွမ်ပရာဘွမ်၊ ချီဖွေ၊ နန်းယွန်း၊ နောင်မွန်းမြို့များတွင်လည်းကောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်ပါကြောင်း။

သို့သော်လည်း ဟိုပင်မြို့သည် မိုးညှင်းမြို့နှင့်(၁၈)မိုင်ခန့်ကွာဝေးပြီး ယင်းမြို့ရှိ တပ်ရင်း၊ တပ်ဖွဲ့ (၄)ခု၊ ဌာနဆိုင်ရာ (၁၉)ခုတို့က မိုးညှင်းဘဏ်ခွဲတွင် ဌာနဆိုင်ရာစာရင်း(၄)ခု ဖွင့်လှစ်ထားပြီး ဆက်သွယ်ဆောင်ရွက်နေကြောင်းနှင့် ရထားလမ်းနှင့် ကားလမ်းများရှိသည့်အတွက်လည်း လွယ်ကူအဆင်ပြေပါကြောင်း၊ ဟိုပင်မြို့နှင့်အနီးဆုံး မိုးညှင်းဘဏ်ခွဲကို အင်အားတိုးချဲ့ပြီး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မိုးကောင်းဘဏ်ခွဲနှင့်လည်း မဝေးလှသဖြင့် ဟိုပင်မြို့တွင် ဘဏ်ခွဲဖွင့်လှစ်ရန်ကိစ္စကို နောင်သင့်လျော်သည့်အချိန်မှသာ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၏ **"ဝိုင်းမော်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေစုစာအုပ်ဖြင့် ပြည်သူများပြန်လည်၍ ငွေစုဆောင်းနိုင်ရန် စီစဉ်ပေးနိုင်မှုအစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ **မြန်မာ့စီးပွားရေးဘဏ်ခွဲများသည် ငွေစုဘဏ်လုပ်ငန်း ဥပဒေပုဒ်မ(၃)ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် ပြည်သူလူထု၏ ချွေတာစုဆောင်းခြင်းအလေ့အထကို ပြုစုပျိုးထောင်ရန်၊ လုံခြုံစိတ်ချရသော ငွေစုနည်းဖြင့် စုဆောင်းကြစေရန်၊ ငွေအရင်းအနှီးစုဆောင်းခြင်းအလေ့အထတိုးတက်စေရန်၊ ပြည်သူများ၏ စားဝတ်နေရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ဟူသည့်ရည်ရွယ်ချက်များနှင့်အညီ တစ်နိုင်ငံလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲ၊ ဘဏ်ငွေတိုက်ခွဲ၊ ငွေစုဘဏ်ရုံးခွဲပေါင်း (၂၂၉)ခုတွင် ငွေစုဘဏ်စာရင်းဦးရေ စုစုပေါင်း(၆၉၂၈၁၈)ခုအား ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း။**

ဝိုင်းမော်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၏ ငွေစုဘဏ်လုပ်ငန်းများကို မြစ်ကြီးနားခရိုင်ဘဏ်ခွဲသို့ လွှဲပြောင်းလုပ်ဆောင်ရခြင်းသည် "ဗလမင်းထင်တံတား" ဆောက်လုပ်ပြီးချိန်မှစ၍ ဝိုင်းမော်မြို့နှင့်မြစ်ကြီးနားမြို့အကြား လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်ခြင်း၊ ပြည်သူများအနေဖြင့်လည်း မြစ်ကြီးနားမြို့သို့ စီးပွားရေးလုပ်ငန်းအရလည်းကောင်း၊ ပညာရေး၊ လူမှုရေးလုပ်ငန်းအရလည်းကောင်း မပြတ်သွားလာနေခြင်း၊ ဝိုင်းမော်မြို့နယ် ဘဏ်ခွဲတွင် ငွေစုဘဏ်အပ်ငွေနှင့် ငွေစုလက်မှတ်ဝယ်ယူအပ်နှံခြင်းနှစ်မျိုးသာ ဆောင်ရွက်နိုင်သော်လည်း မြစ်ကြီးနားဘဏ်ခွဲတွင်မူ စာရင်းသေအပ်ငွေ အမျိုးအစားကိုပါ အပ်နှံဆောင်ရွက်နိုင်ခြင်းစသည့် အချက်များကြောင့်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေစုဘဏ် ဥပဒေပုဒ်မ(၃)ပါ ရည်ရွယ်ချက်များနှင့်အညီ ပြည်သူများ လွယ်ကူ အဆင်ပြေမှုကို ရှေးရှုပြီး ဝိုင်းမော်မြို့နယ်အပါအဝင် မြန်မာ့စီးပွားရေးဘဏ်ခွဲအားလုံးတွင် ငွေစုဘဏ်စာအုပ်ဖြင့် ပြည်သူများငွေစုဆောင်းနိုင်ရေး ဆောင်ရွက်ပေးရန် ၃၁-၈-၂၀၁၁ ရက်နေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ခရိုင်ဘဏ်ခွဲနှင့် မြို့နယ်ဘဏ်ခွဲများသို့ ညွှန်ကြားခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်ဦးသိန်းဝင်းက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးတင်မောင်မြင့်က လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုကိုလည်းကောင်း တင်သွင်းကြသည်။ ယင်းအစီရင်ခံစာများကို လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၁၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများကပြန်လည်ဖြေကြားခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် လွှတ်တော်အခွင့်အရေးကော်မတီတို့၏ အစီရင်ခံစာများ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများက အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် (မြစ်ကြီးနားဘဏ်ခွဲ) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

တစ်မျိုးသားလုံးအတူတကွ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ ပြည်သူလူထုအပေါင်း၏ ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ဖွင့်လှစ်သည့် အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် (မြစ်ကြီးနားဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ အဆိုပါ ဘဏ်လီမိတက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်အောင်နှင့် အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းဦးတို့က အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် (မြစ်ကြီးနားဘဏ်ခွဲ) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝရေပြင်အတွင်း ငါးရှဉ့်မျိုးစိုက်ထည့်ပေး

ရန်ကုန် စက်တင်ဘာ ၂၀

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တွံတေးမြို့နယ် ပဒံရေကျော်ကျေးရွာအနီးရှိ သဘာဝရေပြင်နှင့် စပါးခင်းများအတွင်းသို့ စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ငါးရှဉ့်ကောင်ရေ ၁၆၈၀၀ ပိဿာချိန် ၁၂၀ ကို မျိုးစိုက်ထည့်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါမျိုးစိုက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေနှင့် ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

မော်လမြိုင်ကောလိပ်/တက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မော်လမြိုင်ကောလိပ်/တက္ကသိုလ် (ဘာသာရပ်ပေါင်းစုံ) ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်အလှူပစ္စည်းပါဝင်လှူဒါန်းလိုပါက ဦးရဲမြင့်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၅၀၆၁၀၉၊ ဦးဝင်းတီ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၇၁၀၀၀၅၊ ဦးမြင့်လွင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၁၅၆၈၄နှင့် ဦးဝင်းနိုင်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၉၄၄၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အာစရိယပူဇော်ပွဲအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကိုလည်း လစဉ်ပထမအပတ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်

21-9 (10).pmd 1 9/21/2011, 3:22 AM

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယူနန်စိုက်ပျိုးရေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အိန္ဒိယသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး **H.E. Dr. Villur Sundararajan Seshadri** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စိုက်ပျိုးရေးပညာရှင်အဖွဲ့ (YAAS) ဥက္ကဋ္ဌ Professor Xingqi Huang ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ စားသုံးသီးနှံများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများ အပြန်အလှန်ဖလှယ်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး မပြီးပြတ်သေးသော ဆည်ရေသောက်ရေပေးမြောင်းစနစ်များ တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်အတွက် ချေးငွေအကူအညီပေးရေး၊ အိန္ဒိယ-မြန်မာ နှစ်ဖက်ပညာရှင်များပူးပေါင်းပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စိုက်ပျိုးရေးသုတေသနဗဟိုဌာန (Agriculture Research Center-ARC) တည်ဆောက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရာတွင် အပြန်အလှန် နှစ်ဖက်ခွဲဝေတာဝန် အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းဆိုင်ရာများနှင့် နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာများ ပြုစုရေးထိုးရေး၊ ချင်းပြည်နယ်တွင် လက်ဖက်သီးနှံ စီးပွားဖြစ်စိုက်ပျိုးနိုင်ရန်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံရေးနှင့် မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့၌ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုနှင့် ရော်ဘာအချောကိုင်စက်ရုံ (Rubber Factory) တည်ဆောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့သည် ဆွေးနွေးချက်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်သွားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်ဆောင်ရွက်ကြရမည့် ဌာနနှင့်ပုဂ္ဂိုလ်များ (Focal Point) များ သတ်မှတ်လုပ်ဆောင်ကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် ည ၇ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ (အမျိုးသား)တွင် ပထမဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်က ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဆုရရှိသူများက အဆို၊ အတီးတို့ဖြင့် ဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၁၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၂ စင်တီမီတာ (၁ ဒသမ ၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းနှင့် MO ASIA Co., Ltd-Dumex တို့ပူးပေါင်းကာ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ သူနာပြုတက္ကသိုလ်၌ Building Better People Seminar အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှက အမှာစကားပြောကြားကာ MO ASIA Co., Ltd-Dumex မှ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းသို့ အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း ဗဟိုအလုပ်အမှုဆောင် ပညာရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်သိန်းသိန်းကြည်က Drugs Resistant: Nursing Perspective အကြောင်းကိုလည်းကောင်း၊ MO ASIA Co., Ltd-Dumex မှ Senior Nutrition Advisor ဒေါက်တာထက်ထက်အောင်က Recent Advances in Nutrition အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သန်လျင်၌ မီးလောင်

ရန်ကုန် စက်တင်ဘာ ၂၀

သန်လျင်မြို့ အမှုထမ်းရပ်ကွက် အောင်ချမ်းသာခုံးထိပ်ရှိ ဝင်းစည်သူဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်၌ ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀တွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

မီးကူးစက်လောင်ကျွမ်း

ဖြစ်ပွားပုံမှာ သန်လျင်မြို့ အမှုထမ်းရပ်ကွက် အောင်ချမ်းသာ ခုံးထိပ်ဆိုင်ခန်းအမှတ်-၁၉ ဝင်းစည်သူဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ ဆိုင်ခန်းပေါင်း ခုနစ်ခန်းသို့ မီးကူးစက်လောင်ကျွမ်းသွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးမှ မီးသတ်ယာဉ်အစီး ၂၀ နှင့် အုပ်ချုပ်မှုယာဉ် လေးစီး စုစုပေါင်း ၂၄ စီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၃ မိနစ်တွင် မီးညွှန့်ကျိုးသွားသည်။ အဆိုပါ မီးလောင်ရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းနှင့် သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းတို့ကြီးကြပ်ကူညီပေးခဲ့ကြကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၄၈)**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၈ ရက်က မြို့နယ်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပိုစတာပြိုင်ပွဲ ဆုရကျောင်းသားတစ်ဦးအား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ရွှေမြို့တော်ဆီသို့ တရားတော်** (ဆရာတော် အရှင်တေဇနိယ)
- ၆း၄၀ သာသနာပျိုးခင်း
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၃)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၅)
- ၈း၅၀ သာသနာ့ နုဂ္ဂဟအသင်း၏ ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ် ရွတ်ဆိုပူဇော်ပွဲ
- ၉း၁၀ Activities in the City (အခွင့်အလမ်းဂျာနယ်(၆)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား)
- ၉း၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (လျှောင်အိမ်နှင့်ငါးမွေးခြင်း)
- ၉း၃၀ အားကစားမြင်ကွင်းစုံ
- ၁၀း၀၅ Activities in the City နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၊ ပလေးဘွိုင်းသန်းနိုင်၏ Sweet 16 Live Show အကြိုပြင်ဆင်မှုမြင်ကွင်း
- ၁၀း၂၅ ခေတ်ပုံထဲမှအမှတ်တရများ (ခွန်းဆင့်နေခြည်)
- ၁၀း၅၅ ကလေးတို့အတွက်လမ်းညွှန်
- ၁၁း၀၅ Activities in the City (ရွှေမိုးမွှင့်အေးကုမ္ပဏီ၏ ကျန်းမာရေးပစ္စည်းသစ် မိတ်ဆက်ပွဲ)
- ၁၁း၂၀ ရှုမငြီးဖွယ်စုံညီ... ထားဝယ်မြို့ဂုဏ်ရည်
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ် (သားဖွားမီးယပ်ဆိုင်ရာ ဟောပြောပွဲ)
- ၁၂း၂၀ အလှအပနှင့်ကျန်းမာရေးအတွက် JUNE ROSE
- ၁၂း၄၀ မြန်မာပြည်ရဲ့ပါရမီ
- ၁း၀၀ **ရွှေမြို့တော်ဆီသို့ တရားတော်** (ဆရာတော် အရှင်တေဇနိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း **ကြောက်တတ်တာကောင်းတယ်၊ မကြောက်တတ်တာကောင်းတယ်**
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၃)
- ၄း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၅)
- ၅း၁၀ မြကျောက်ဆရာတော်အား အမှူးထား၍ နတ်စင်တစ်ရာ ဆရာတော်၏ တောင်ပြီးပွဲတော် စတုဒိသာ
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 (၇)နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၃၄)
- ၇း၂၀ Cartoon Show Time (SCOOBY - DOO)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရယ်စရာဖေးရှင်း (အမြင်အကြား အသိ၊ အတွေး)
- ၈း၅၅ Celebrity Style (စန္ဒီမြင့်လွင်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၆)
- ၁၀း၂၅ သင်ကြားရေးလမ်းညွှန် (Gallent Training Centre)
- ၁၀း၄၅ Industrial Talk
- ၁၁း၁၅ World of Knowledge (Ice Land & Green Land)
- ၁၁း၅၅ ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၂)
- ၁၂း၁၅ နယဉ်ဆန်းထွင်ပန်းအလှဆင် လခြမ်းသဏ္ဍာန် ပန်းအိုးထိုးနည်း
- ၁၂း၄၀ **ရင်သွေးအတွက် သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး ဒါရိုက်တာ-ဆွေဇင်ထိုက်
- ၁၂း၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယုံးယုံး)
- ၁း၁၀ Rh (Negative) သွေးလိုအပ်ခြင်းအကြောင်း သိကောင်းစရာ
- ၁း၃၀ Box Office Movies (SURRO GATES)
- ၁း၅၅ အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
- ၂း၀၀ ရောင်စုံရသနီယွန်ည
- ၂း၃၅ သူဌေးချောင်း၏ ရေအလျင် လျှပ်စစ်စွမ်းအားဂုဏ်အသွင်
- ၂း၄၅ ရင်နှစ်ပန်းတို့လန်းစေချင်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ရွှေမင်းသား (သို့မဟုတ်) နလုံးသားထက်မြက်သူ
- ၄း၂၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄း၄၅ ကြည်နူးဖူးမဝသည်... ထူးလှသည် ဓာတ်တော်တိုက်ဆီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ကမ္ဘာကျော်အဆိုတော်အဒေလီ Q Award ဂီတဆုဆွတ်ခူးရန်ရေပန်းစား

လန်ဒန် စက်တင်ဘာ ၂၀

ကမ္ဘာကျော်အဆိုတော်များဖြစ်ကြတဲ့ ဂျက်ဆီဂျေ (Jessie J) နဲ့ အဒေလီ (Adele) **(ယာပုံ)** တို့ဟာ ယခုနှစ်အတွက် Q Award လို့ အမည်ရရှိတဲ့ တေးဂီတဆုသုံးဆုစီ ဆွတ်ခူးနိုင်ကြလိမ့်မယ်လို့ လူပြောများနေကြပါတယ်။

ရေပန်းစား

အခြားအဆိုတော်တွေဖြစ်ကြတဲ့ ကိုးပလေး (Coldplay)၊ အက်ဒ်ရှီးယားရန်း (Ed Sheeran)နဲ့ မာကျူရီတေးဂီတဆုရ ပီဂျေဟာဗေး (PJ Harvey) တို့ဟာလည်း Q Award တေးဂီတဆုနှစ်ဆုစီ ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေကြပါတယ်။

ကျင်းပ

ဗြိတိသျှအဆိုတော် အဒေလီဟာ Rolling in The Deep သီချင်းနဲ့ Someone Like You လို့ အမည်ရတဲ့သီချင်းများနဲ့ အကောင်းဆုံးသီချင်းဆုများ ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားနေပါတယ်။ သူမရဲ့ 21 လို့ အမည်ပေးထားတဲ့ တေးအယ်လ်ဘမ်ဟာ အလွန်လူကြိုက်များခဲ့ပြီး ကမ္ဘာတစ်ဝန်းတေးအယ်လ်ဘမ် ပေါင်းသုံးသန်းကျော် ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီ Q Award ဆုပေးပွဲကိုတော့ လာမယ့် အောက်တိုဘာ ၂၄ရက်မှာ လန်ဒန်မြို့ သည်ဂရော့စ်ဗင်နာဟောက်စ်ဟိုတယ်မှာ ကျင်းပမှာဖြစ်ကြောင်း သိရပါတယ်။ **(အင်တာနက်)**

မူးယစ်ဆေးဖြတ်နိုင်ခဲ့သူ အဆိုတော် လိုဗာတို ပြန်လည်သီဆိုနိုင်ပြီ

နယူးယောက် စက်တင်ဘာ ၂၀

ပြီးခဲ့တဲ့နှစ်က မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းမှ ဆေးဖြတ်ပြီး ပြန်လာသူ အဆိုတော်ဒေမီလိုဗာတို (Demi Lovato) **(ဝဲပုံ)** က မိမိအား ပြန်လည် အားပေးကြတဲ့အတွက် ပရိသတ်ကြီးကို ကျေးဇူးအထူးတင်ကြောင်း စင်တင်ဖျော်ဖြေပွဲ တစ်ခုမှာ ပြောကြားလိုက်ပါတယ်။

မဖြစ်စေချင်

ကျွန်မ ပြီးခဲ့တဲ့နှစ်က မူးယစ်ဆေးစွဲမိလို့ သုံးလကြာဆေးဖြတ်ကုသမှုခံယူခဲ့ရ ပါတယ်။ ယနေ့ လူငယ်တွေ ကျွန်မလို မူးယစ်ဆေးဝါးရဲ့သားကောင် မဖြစ်စေချင်ပါဘူး၊ ဒီအတွက် နောင်တအများကြီးရမိပါတယ်၊ ဆက်လက်ပြီး ဂီတလောကမှာ အောင်မြင် ကျော်ကြားတဲ့သူတစ်ယောက်အဖြစ် ရပ်တည်သွားမှာပါလို့ အသက် (၁၉)နှစ်အရွယ်ရှိ အဆိုတော် လိုဗာတိုက ပရိသတ်ကြီးအား ထုတ်ပြောပြခဲ့ပါတယ်။

သူမဟာ Unbroken လို့အမည်ရတဲ့ တတိယမြောက် တေးအယ်ဘမ်မထွက်မီရက်ပိုင်းအလို နယူးယောက်မြို့မှာ စက်တင်ဘာ ၁၈ ရက်က သီဆိုဖျော်ဖြေခဲ့ပါတယ်။ အဆိုတော် လိုဗာတိုက သူမရဲ့နောက်ဆုံးထွက်ရှိလာမယ့် တေးအယ်လ်ဘမ်ထဲက သီချင်းတစ်ပုဒ်ဖြစ်တဲ့ Skyscraper လို့အမည်ရတဲ့ တေးသီချင်းနဲ့ သီဆိုဖျော်ဖြေခဲ့ရာမှာ ပရိသတ်တွေ အထူးနှစ်ခြိုက်စွာ အားပေးကြည့်ရှုခဲ့ကြောင်း သိရပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာကျော်ဂီတပညာရှင်ပေါလ် အသက်(၆၉)နှစ်ရောက်မှ တတိယအိမ်ထောင်ပြု

လန်ဒန် စက်တင်ဘာ ၂၀

ကမ္ဘာကျော်ဂီတပညာရှင် ပေါလ်မက်ကတ္တနေး (Paul McCartney)ဟာ လွန်ခဲ့တဲ့နှစ် ၄၀ ကျော်က ပထမဆုံးလက်ထပ်ပွဲကျင်းပခဲ့တဲ့ခန်းမမှာ ဘီးတဲလ် အဆိုတော်ဟောင်း နမ်စီရှိုဗီးလ် (Nancy Shevell)နဲ့ လက်ထပ်မင်္ဂလာပွဲ ကျင်းပ ကြမှာ ဖြစ်ပါတယ်။ သူတို့စုံတွဲဟာ **(အောက်ပုံ)**မာရီလီဘွန်းမြို့တော်ခန်းမမှာ လက်ထပ် မင်္ဂလာပွဲ ကျင်းပမှာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ မင်္ဂလာပွဲကိုတော့ လာမယ့်စက်တင်ဘာ ၃၀ ရက်မှာ ပြုလုပ်မှာဖြစ်ပြီး နာမည်ကျော်အနုပညာရှင်များနဲ့ အထူးဧည့်သည် ၁၀၀ ကျော် ဖိတ်ကြားထားကြောင်း သိရပါတယ်။

လမ်းခွဲခဲ့

အသက် ၆၉ နှစ်ရှိပြီဖြစ်တဲ့ မက်ကတ္တနေးဟာ ၁၉၆၉ ခုနှစ်က ဒီခန်းမမှာပဲ ပထမဇနီးလင်ဒါနဲ့ လက်ထပ်ခဲ့တဲ့နေရာဖြစ်ပါတယ်။ သူမဟာ ၁၉၉၈ ခုနှစ်မှာ ကင်ဆာ ရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ ဒီနောက်မှာ ဂီတပညာရှင်မက်ကတ္တနေးဟာ ဟီတာ မေးလ်ဆိုသူနဲ့ ဒုတိယအိမ်ထောင်ပြုခဲ့ပါတယ်။ ဒါပေမယ့် သဘောထားချင်း မတိုက် ဆိုင်ကြလို့ ၂၀၀၈ ခုနှစ်မှာပဲ လမ်းခွဲခဲ့ကြပါတယ်။ မက်ကတ္တနေးနဲ့ ရှီဗီးလ်တို့ဟာ လွန်ခဲ့တဲ့လေးနှစ်က ချစ်ကြိုက်ခဲ့ကြပြီး မေလကစေ့စပ်ခဲ့ကြပါတယ်။ အသက် ၅၁ နှစ် ရှိပြီဖြစ်တဲ့ ရှီဗီးလ်ဟာလည်း လွန်ခဲ့တဲ့အနှစ် ၂၀ က ရှေ့နေဘရုစ်ဘလိတ်နဲ့ အိမ်ထောင်ပြုခဲ့သူဖြစ်ပါတယ်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အာကာဟိန်း ရေးသားသည်

လေယာဉ်ကိုယ်ထည်ပေါ်မှ စီးနင်းပြသူ အသက် ၉၀ အရွယ် အမျိုးသားကြီး

ဒိုဗာ စက်တင်ဘာ ၂၀

ဗြိတိန်နိုင်ငံမှ အသက် ၉၀ အရွယ် တွမ်လက်ကီး အမည်ရှိ အမျိုးသားကြီးသည် ပျံသန်းနေသော လေယာဉ် ကိုယ်ထည်အပြင်ဘက်၌ မတ်တတ်ရပ်ကာ ၄၅ မိနစ်ကြာ စီးနင်းပြသနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၉ရက်က အင်တာ နက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

တွမ်လက်ကီးသည် ဗြိတိန်နိုင်ငံ ဂလောဆက်စတာ ရှိုင်းယားမြို့ရှိ စီရင်စတာအရပ်မှ စတင်ပျံသန်းသော ဘိုရင်း အမျိုးအစား လေယာဉ်ငယ်တစ်စင်း၏ ကိုယ်ထည်အပြင် ဘက်တန်းပေါ်တွင် မတ်တတ်ရပ်ကာ စီးနင်းလိုက်ပါခဲ့ခြင်း ဖြစ်သည်။

ထိုသို့ လေယာဉ်ကိုယ်ထည်အပြင်ဘက်တန်းပေါ်မှ လိုက်ပါစီးနင်းပြသခဲ့သဖြင့် တွမ်လက်ကီးသည် ဂင်းနက်စ်၌ ဖော်ပြခံရသည်။ တွမ်လက်ကီးသည် လွန်ခဲ့သည့် ငါးနှစ် ကတည်းက လေယာဉ်ပေါ်တွင် စတန့်စီးနင်းပြသကာ ဂင်းနက်စ်မှတ်တမ်းတင်ခဲ့သူလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်ကလည်း ဗြိတိန်နိုင်ငံ ဒိုဗာမြို့ အနီး ဝေဟင်၌ လေယာဉ်ငယ်တစ်စင်းပေါ်တွင် ၁၂ မိနစ် ကြာ စီးနင်းပြသခဲ့သေးသည်။ တွမ်လက်ကီး ပထမဆုံး လေယာဉ်ပေါ်၌ စတန့်စီးနင်းစမ်းသပ်ပြသမှုမှာ အသက် ၈၀ အရွယ်က ဖြစ်သည်။ **(အင်တာနက်)**

အာကာသသိပ္ပံ

ထူးဆန်းထွေလာ နေစကြဝဠာ

တိုး ရေးသားသည်

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်အပါအဝင် နေစကြဝဠာ အတွင်း ဂြိုဟ်များ၊ လများ၊ ကြယ်တံခွန်၊ ဂြိုဟ်သိမ်ဂြိုဟ်မွှား၊ ဥက္ကာပျံ၊ ဥက္ကာခဲများလည်ပတ်တည်ရှိပုံများမှာ စိတ်ဝင်စား ဖွယ်ပင် ဖြစ်သည်။

ကျွန်ုပ်တို့၏ နေစကြဝဠာအတွင်းရှိ ဗုဒ္ဓဟူးဂြိုဟ် (မာကျူရီ)၊ သောကြာဂြိုဟ် (ဗီးနပ်စ်)၊ အင်္ဂါဂြိုဟ်(မားစ်)၊ ကြာသ ပတေးဂြိုဟ် (ဂျူပီတာ)နှင့် စနေဂြိုဟ် (စေတန်) တို့ကို ပကတိ မျက်စိဖြင့်ပင်မြင်နိုင်သည်။ ယူရေးနပ်စ်ဂြိုဟ်မှာလည်း မြင်နိုင် သေးသည်။ သို့သော် အဝေးကြည့်မှန်ပြောင်းအသုံးပြုလျှင် ပိုကောင်းသည်။ အဋ္ဌမမြောက် နက်ပကျွန်းဂြိုဟ်မှာမူ မှန်ဘီလူး ချဲ့ကြည့်ရန်လိုအပ်သည်။ ပလူတိုဂြိုဟ်မှာမူ ၂၀၀၆ ခုနှစ်တွင် ဂြိုဟ်စာရင်းမှထုတ်ပယ်လိုက်သည်။ ထို့ကြောင့် နေစကြဝဠာ၌ နေနှင့် ဂြိုဟ်ကြီးရှစ်လုံးရှိသည်။

၁၉ ခုရှိ

နေစကြဝဠာ၌ အရန်ဂြိုဟ်ဟုခေါ်သည့် လများလည်း ရှိသည်။ ကျွန်ုပ်တို့နေထိုင်ရာ မြေကမ္ဘာတွင် လတစ်လုံး ရှိသကဲ့သို့ အင်္ဂါဂြိုဟ် (မားစ်)၊ ကြာသပတေးဂြိုဟ် (ဂျူပီတာ)၊ စနေဂြိုဟ် (စေတန်)၊ ယူရေးနပ်စ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်များ တွင် လများရှိသည်။ နေစကြဝဠာ၌ လပေါင်း ၁၉ ခုရှိသည်။

နေစကြဝဠာ၌ နေ၊ ဂြိုဟ်ကြီးများ၊ လများအပြင် သိပ္ပံ ပညာအရ အရေးပါသောအရာများရှိသေးသည်။ ကြယ်တံခွန် များ၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားများနှင့် ပလူတိုခေါ် ဂြိုဟ်အသေးစား တို့မှာ ဂြိုဟ်ကြီးများ၊ လများကဲ့သို့ မြင်တွေ့နေရပြီး ထည့်သွင်း စဉ်းစားရသည်။ ၎င်းတို့မှာ အရေအတွက်အားဖြင့် ငါးခုသာ ရှိသည်။

နေစကြဝဠာ၌ ကြာသပတေးဂြိုဟ်၏ အနီပြောက်ကြီး၊ စနေဂြိုဟ်ကို ဝန်းပတ်ထားသည့်ကွင်းများသည် လှပပြီးထူးထွေ တည်အံ့ရာသော်များဖြစ်သဖြင့် အထူးစိတ်ဝင်စားဖွယ်ကောင်း သည်။ နေအစက်အပြောက်များ၊ ကမ္ဘာ့မြေပြင်ရှိ လက်တင် အမေရိကမှသည်နယူးယောက်အထိကျယ်ပြောသော နက်ရှိုင်း ချောက်ကြီးများ၊ အင်္ဂါဂြိုဟ်(မားစ်)ပေါ်မှ မြောင်းကြီးများစသဖြင့် အံ့ဖွယ်ကိုးခုရှိသည်။ ယင်းတို့မှာ လောလောဆယ်အချိန်တွင် တွေ့ရှိလက်ခံထားသည့်အရာများသာဖြစ်သည်။

အာကာသကို လူသားတို့စူးစမ်းလေ့လာမှုကား အတော မသတ်နိုင်တော့။ ၁၉၅၇ ခုနှစ်တွင် ကမ္ဘာပတ်ဂြိုဟ်တု စပွတ် နစ်-၁ကို အာကာသအတွင်း လွှတ်တင်လိုက်သောအခါ ထိုစဉ်က ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်ကြသည့် အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ဆယ်စုနှစ် ပေါင်းများစွာ အာကာသ စူးစမ်းလေ့လာရေးကို အပြိုင် ဆောင်ရွက်ခဲ့ကြသည်။

စူးစမ်းခဲ့

သို့မို့ကြောင့်လည်း ကမ္ဘာသူ ကမ္ဘာသားတို့သည်အာကာသ အကြောင်း၊ နေစကြဝဠာအကြောင်း ပိုမိုနားလည် သိရှိလာကြ သည်။ စစ်အေးတိုက်ပွဲတစ်လျှောက်လုံး မဟာအင်အားကြီး နှစ်နိုင်ငံတို့က အာကာသလေ့လာရေးကို အပြိုင်စူးစမ်းခဲ့ကြ သည်။ စစ်အေးတိုက်ပွဲ နိဂုံးချုပ်သွားသောအခါတွင်မူ အာကာသ လေ့လာရေးသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်သည့် အလေ့ များက ထုံလာပြီဖြစ်သည်။

အာကာသစူးစမ်းရေးတွင် လူသားသည် ကမ္ဘာ့အရန် ဂြိုဟ်ဖြစ်သည့် လကိုသာမက အခြားသောဂြိုဟ်ကြီးများသို့ပါ ဂြိုဟ်တုများစေလွှတ်ပြီး စူးစမ်းကြရာဝယ် အောင်မြင်သည်လည်း ရှိသကဲ့သို့ မအောင်မြင်မှုများလည်း ကြုံရသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်သို့ နိုင်ငံစုံမှ အာကာသ သူရဲကောင်းများ စေလွှတ်ဆောင်ရွက်ရာ၌ပင် မအောင်မြင်၍ အသက်ဆုံးရှုံးမှုကြုံရသည်အထိရှိခဲ့သည်။ သို့သော် လူသား အကျိုးပြု စူးစမ်းလေ့လာမှုကို နောက်မဆုတ်တော့။ သိပ္ပံပညာ ရှင်များ၊ အာကာသသူရဲကောင်းများသည် ချီးကျူးဖွယ်ပုဂ္ဂိုလ် များသာဖြစ်သည်။

ချီးကျူးဖွယ်

ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်သည့် ဂြိုဟ်တု ဖြင့် ပထမဆုံးလိုက်ပါသူ ဆိုဗီယက်အာကာသသူရဲကောင်း ယူရီဂါဂါရင်၊ လပေါ်သို့ ပထမဆုံးလူသားအဖြစ် ခြေချသူ အမေရိကန်အာကာသသူရဲကောင်း နေးလ်အမ်းစထရင်း စသူ တို့မှာ ချီးကျူးဖွယ်အာကာသသူရဲကောင်းများတွင် ထိပ်ဆုံးမှ ပါဝင်ကြမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လူသားသည် နေစကြဝဠာမှ စိတ်ဝင် စားဖွယ်များကို ဆက်လက်စူးစမ်းဖော်ထုတ်အသုံးပြုမည်မှာ သေချာပါကြောင်း. . . .။ ။



အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ဤသို့ စူးစမ်းလေ့လာခဲ့ကြသည်။

ကျောင်းကျန်းမာရေး မြစ်ငယ်မြို့၌ ဟောပြော



မြစ်ငယ် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သြဂုတ် ၁၂ ရက်က ကျောင်းကျန်းမာရေးလှုပ်ရှားမှုများအဖြစ် အာဟာရအုပ်စုကြီး(၃)စု အကြောင်း ပကတိအစားအစာများဖြင့် ခင်းကျင်းပြသ ပွဲကျင်းပသည်။ **(အပေါ်ယာပုံ)**

ထို့အပြင် အဆိုပါကျောင်းမှ အလယ်တန်းပြ ဆရာ ဆရာမများဖြစ်ကြသော ဦးမျိုးမြင့်အောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်ခင်ဆွေဦးတို့က ကျောင်းသားကျောင်းသူများအား တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကူးစက်ရောဂါများအကြောင်းနှင့် ပျော်ရွှင်ကျန်းမာကိုယ်ခန္ဓာ-အုပ်စုခွဲခြား သင့်ရာစား စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပုသိမ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ပုသိမ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၁၈ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ် ၂၁/၄၃စီရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က ဆောင်ရွက်ပြီး အသင်းဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပုသိမ်အသင်းဝင်မိသားစုများ၏ ၂၀၁၀ ခုနှစ်အတွင်း သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

မလှိုင်မြို့နယ်၌ ကျောက်တန်းတံတားဖွင့်

မလှိုင် စက်တင်ဘာ ၂၀

မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာအုပ်စုရှိ ကျောက်တန်းတံတားဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၃ရက် နံနက်ပိုင်းက မလှိုင်ကျောက်တန်းလမ်းပေါ်ရှိ အဆိုပါတံတားထိပ်၌ ကျင်းပရာဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး တံတားဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်ရွှေက တံတားဆောက်လုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်တံတားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ၊ ကျောက်တန်းကျေးရွာ မြောက်ကျောင်းဆရာတော် ဦးဉာဏိဿရနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုငယ်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာ အရှည်ပေ ၂၀၊ အကျယ် ၁၈ပေ၊ အမြင့် ၁၈ပေရှိ သံပေါင်ကွန်ကရစ်သစ်သားတံတားဖြစ်ကြောင်း သိရှိရသည်။ (၀၈၇)

ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ကျောက်ဖြူမြို့၌ စစ်ဆေး

ကျောက်ဖြူ စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် မြန်မာ့ဆားလုပ်ငန်း မန်နေဂျာဦးထွန်းခင်နှင့်အဖွဲ့သည် သြဂုတ် ၂၅ ရက် နံနက် ၈ နာရီက ကျောက်ဖြူမြို့ဈေးအတွင်းရှိ ကုန်စုံအရောင်းဆိုင်များ၌ ရောင်းချသောဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိမရှိ စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ရခိုင်မြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ၁၈ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က သူငယ်တန်း(A)မှ ပထမဆုရ မသန့်သဒ္ဓါထွန်းအား ဆုချီးမြှင့်စဉ်။ (၀၄၃)

မြို့နယ်သတင်း ထွေတလာ

ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြပွဲ မြစ်သားမြို့နယ်၌ကျင်းပ

မြစ်သား စက်တင်ဘာ ၂၀

ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ရွာခိုင်ကြီးကျေးရွာအုပ်စု၊ မြင်းရွာကြီးကျေးရွာတွင် စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက တောင်သူဦးသိန်းဌေး၏ ကွင်းအမှတ် (၆၂၉)၊ ဦးပိုင် (၄၇)လယ်မြေတစ်ဧကတွင် သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက် ၁၅ ရက်သား ပျိုးပင်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသသည့်သရုပ်ပြပွဲကို ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်လေ့လာ

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲသို့ မြင်းရွာကြီးကျေးရွာမှ တောင်သူလယ်သမားများ တက်ရောက် လေ့လာကြပြီး ထိုသရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်၊ စက်မှုလယ်ယာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းက လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်စက်အသုံးပြုပုံနှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးနီဝင်းက စပါးတစ်ဧက တင်း ၁၀၀ စံနှုန်းအထက်ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဇီးကုန်းမြို့နယ်၌ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၁၁ခုနှစ် ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် ညနေ ၃နာရီက ဇီးကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ဇီးကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကျင်းပ

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုကြပြီးနောက် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။ ၎င်းပြိုင်ပွဲတွင် ကျေးရွာအုပ်စု ၃၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ဖွင့်ပွဲနေ့တွင် သစ်နဖားကျေးရွာအုပ်စုအသင်းနှင့် ဘဲအင်းကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ်နဖားကျေးရွာအုပ်စုအသင်းက ဘဲအင်းကျေးရွာအုပ်စုအသင်းကို ၇ဂိုး ၁ဂိုးဖြင့် အနိုင်ရရှိသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လည်ဘူးမြို့နယ်၌ မူလတန်းကျောင်းခွဲဖွင့်

ပင်လည်ဘူး စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ လိပ်ပုပ်အုပ်စု ကညင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂၉ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မြို့နယ်ပညာရေးမှူး ဦးရွှေကားလုံနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းအပ်နှံ

အဆိုပါ အခမ်းအနားတွင် မဲဆန္ဒနယ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မဲဆန္ဒနယ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကျော်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးရွှေကားလုံက အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပညာရေးဆိုင်ရာ အချက်အလက်များနှင့် စာရွက်စာတမ်းများကို မိဘဆရာအသင်းကော်မတီ ဦးမင်းအောင်က လွှဲပြောင်းအပ်နှံရာ မြို့နယ်ပညာရေးမှူး ဦးရွှေကားလုံက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသဆင်းရဲမှု လျှော့နည်းပပျောက်ရေး ကျောက်ဆည်ခရိုင်တွင် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် သြဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဆင်းရဲမှု လျှော့နည်းပပျောက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို သြဂုတ် ၁၇ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးကျော်သန်းထွန်း၊ ကျောက်ဆည်ခရိုင် ကော်မတီအတွင်းရေးမှူး ဒေါ်ဝေဝေဖြိုး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးကျော်သန်းထွန်းက ကျေးလက်ဒေသဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ ကော်မတီအတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ခရိုင်ကော်မတီအတွင်းရေးမှူးက ထပ်ဆင့် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို သြဂုတ် ၂၄ ရက်က ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း၌ ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက မူကြိုကလေးငယ်များအား ဗီတာမင်အေ၊ သံချဆေးပြားနှင့် အာဟာရ တိုက်ကျွေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေကူမြို့၌ ကျောင်းကျန်းမာရေး စစ်ဆေး

ရွှေကူ စက်တင်ဘာ ၂၀

ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအတွက် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို သြဂုတ် ၁၂ရက်က ရွှေကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ရွှေကူမြို့ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်မိုးစံနှင့် အဖွဲ့က ကျောင်းသားဦးရေ ၅၁၇ ဦးတို့အား သွားနှင့်ခံတွင်းကျန်းမာရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေး စစ်ဆေးခြင်းတို့အပြင် လည်ပင်းကြီးရောဂါများ စစ်ဆေးခြင်း၊ ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးပညာပေးခြင်း စသည်တို့ကို စစ်ဆေးပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၇၃)

ငြိမ်းချမ်း၍ ထွန်းလင်းတောက်ပသော ASEAN Community ထူထောင်နိုင်ရေး AIPA သည် အစိပ္ပာယ်ပြည့်ဝလေးနက်သောကဏ္ဍမှ ပါဝင်ထမ်းရွက်နိုင်မည်ဟုယုံကြည်

အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srei အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ASEAN INTER-PARLIAMENTARY ASSEMBLY (AIPA) တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား လက်ခံခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ Senate ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA THAMMA POTHISAL CHEASIM၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ AIPA ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးလေ့လာသူနိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များ၊ AIPA, ASEAN တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အထွေထွေညီလာခံဖွင့်ပွဲမကျင်းပမီ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အထူးလေ့လာသူနိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များ၊ AIPA, ASEAN တို့မှ တာဝန်ရှိသူများအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် AIPA ဥက္ကဋ္ဌ Mr. SAMDECH AKKA MOHA PONHEA CHAKREI HENG SAMRIN က Peace Palace တတိယထပ်ရှိ Mieltei ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းနောက် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် Nuon Srei အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် AIPA အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးလေ့လာသူနိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ခေါင်းဆောင်များ၊ AIPA, ASEAN တို့မှ *စာမျက်နှာ ၄ ကော်လံ ၁* ❖

မြန်မာ့အလင်း **နိုင်ငံတကာသတင်း** | **မိုးမြင့်လင်းလက် - ရေးသားသည်**

ဦးခေါင်းချင်းဆက် အမြွှာညီအစ်မ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်

လန်ဒန် စက်တင်ဘာ ၂၀

ဦးခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦးအား ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဂရိတ်အော်မွန်ဆေးရုံ၌ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက်က အင်တာနက်သတင်း၌ဖော်ပြသည်။ ***(ယာဟူ)***

၎င်းခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦးမှာ ၁၁ လသား အရွယ်ရှိပြီး ဆူဒန်နိုင်ငံမှဖြစ်သည်။ အဆိုပါ အမြွှာနှစ်ဦးကို ဗြိတိန်နိုင်ငံသို့ ပို့ဆောင်ကာ ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

လေးကြိမ်

ရီတယ်လ်နှင့် ရီတက်ဂါဘောရာဟု အမည်ပေးထားသော ခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦးကို ၎င်းဆေးရုံ၌ လေးကြိမ်တိုင်တိုင် ခွဲစိတ်ခဲ့ရခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေလအတွင်းက နှစ်ကြိမ်၊ ပြီးခဲ့သည့် ဇူလိုင်လက တစ်ကြိမ်နှင့် ဩဂုတ် ၁၅ ရက်က တစ်ကြိမ် ခွဲစိတ်ကုသခဲ့ရခြင်း ဖြစ်သည်။

ခွဲစိတ်နိုင်ခဲ့

ပြီးခဲ့သည့် ဇူလိုင်လက အမြွှာညီအစ်မနှစ်ဦး၏ ဦးခေါင်းများ ကြီးထွားလာစေရန် တစ်သျှူးများကို ထည့်သွင်းပေးခဲ့ပြီးမှ ယခုကဲ့သို့ သီးခြားစီဖြစ်အောင် ခွဲစိတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဦးခေါင်းချင်းဆက် မွေးဖွားမှုမှာ ရင်သွေးငယ်များ မွေးဖွားမှု ၂ ဒသမ ၅ သန်းတွင် တစ်ဦးသာဖြစ်နိုင်ကြောင်း သိရသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

တပ်မတော်သည် မည်သည့်အခါကမျှ အရွယ်မရောက်သူများကို စစ်သားအဖြစ် အသုံးမပြုခဲ့

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများကသာ တစ်အိမ်ထောင် တပ်သားသစ်တစ်ဦးပေးရမည်ဟုသတ်မှတ်၊ အရွယ်မရောက်သေးသူများ အပါအဝင် ပြည်သူများကို အဓမ္မစုဆောင်းအသုံးပြုနေခြင်းဖြစ်။ (စာ - ၂)

မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ အခြေအနေကောင်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဗြိတိန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ (စာ - ၇)